Physicians for
Human Rights

October 2015

# မြန်မာနိုင်ငံ ရှမ်းပြည်နယ်တွင်းရှိ ပေါင်းလောင်းရေကာတာ အထက်ပိုင်း အဓမ္မရွှေ့ပြောင်းခံရမှုများနှင့် ဖျက်စီးခံ ဘဝများ

PHR Physicians for Human Rights

LAND IN OUR HANDS

Kayan New Generation Youth



## လူ့အခွင့်အရေးဆိုင်ရာဆရာဝန်များအဖွဲ့ အကြောင်း

ရက်စက်ယုတ်မာမှုများ၊ ပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ဆိုင်သည့် သတင်းအချက်အလက်များ ကောက်ယူရန်နှင့် ထိုအရာများအပေါ် လူအများ၏ သတိပြုချက်ကို ရယူရန်အတွက် လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့မှ သိပ္ပံပညာနှင့် ဆေးဝါးများကို အသုံးပြု၍ နှစ်ပေါင်း ၃၀ ခန့် လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့သည် ကမ္ဘာတဝှမ်းတွင် ရှိသည့် အဖွဲ့ဖြစ်ပြီး ကျန်းမာရေး ပညာရှင်များအနေနှင့် ၎င်းတို့၏ တတ်စွမ်းမှုများ၊ လူ့ကျင့်ဝတ်ဆိုင်ရာ တာဝန်များနှင့် အများလက်ခံ ယုံကြည်နိုင်သော အသံများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရပ်တန့်နိုင်သည့် အနေအထား တစ်ရပ်ဖြစ်သည်ဟူသော အတွေးအခေါ်ကို အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့၏ ရှာဖွေတွေ့ရှိချက်များနှင့် ကျွမ်းကျင်မှုများမှတစ်ဆင့် ဖိစီးနှိပ်စက် ခြင်း ခံရသည့် ဆေးဘက်ဆိုင်ရာ လုပ်သားများနှင့် ဖျက်စီးခြင်းခံရသည့် ဆေးဝါး အထောက်အကူပြု ပစ္စည်းများအတွက် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ပေးခြင်း၊ ညှဉ်းပမ်းနှိပ်စက်မှုများအား ကာကွယ်ခြင်း၊ ရက်စက် ယုတ်မာမှုများအား သတင်းအချက်အလက် ကောက်ယူခြင်းနှင့် လူ့ အခွင့်အရေး ချိုးဖောက်သူများအား တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေ ရန် လုပ်ဆောင်ပေးလျက်ရှိသည်။

အာဖဂန်နစ္စတန်၊ ဘာရိန်း၊ မြန်မာ၊ ကန်ဂို၊ အယ်လ်စဗာဒေါ၊ ဂွါတာမာလာ၊ အီရန်၊ အီရတ်၊ ကန်ညာ၊ လစ်ဗျား၊ မက်စီကို၊ ဆူဒန်၊ ဆီးရီးယား၊ တူရကီနှင့် အမေရိကန် နိုင်ငံ များအပါအဝင် နိုင်ငံပေါင်း ခြောက်ဆယ်ကျော်တွင် လူ့အခွင့် အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့မှ လုပ်ငန်းများ ဆောင်ရွက် လျက် ရှိသည်။

.

*မျက်နှာဖုံး - ပေါင်းလောင်းဆည်ဖြစ်လာမှုကြောင့် နေရပ်ရွှေ့ပြောင်းခံခဲ့ရသော အမျိုးသမီးတစ်ဦး မိမိ အိမ်ဟောင်း အုတ်မြစ်နားတွင်ရပ်နေပုံ ။*

©2015 Physicians for Human Rights
All rights reserved.

Library of Congress Control Number: 2015948975
ISBN 1879707799

## ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာကို လူ့အခွင့်အရေးဆိုင်ရာ ဆရာဂန်များအဖွဲ့ မှ သုတေသီ- မြန်မာ နှင့်Widney Brown လူ့အခွင့်အရေး ဆိုင်ရာ ဆရာဂန်များအဖွဲ့- မြန်မာ ၏ ညွှန်ကြားရေးမှူး မှရေးသားခဲ့သည်။

ဤအစီရင်ခံစာအား လူ့အခွင့်အရေးဆိုင်ရာဆရာဂန်များအဖွဲ့ ၏ ခေါင်းဆောင် များနှင့် အဖွဲ့ဝင်များဖြစ်သော Donna McKay (executive director; DeDe Dunevant, director of communications) နှင့် Eliza B. Young (MA, publications coordinator) တို့မှ ပါဝင် ကူညီ စစ်ဆေးပေးခဲ့ကြသည်။

ဤအစီရင်ခံစာအား Michele Heisler (MD, MPA, PHR volunteer medical advisor, PHR board member, professor of internal medicine and of health behavior and health education at the University of Michigan Medical School) နှင့်Adam Richards(MD, PhD, MPH, PHR board member, assistant professor in the Division of General Internal Medicine and Health Services Research at the University of California, Los Angeles) တို့မှ ပြင်ပ ပညာရှင်များအနေနှင့် ပါဝင်ကူညီ စစ်ဆေးပေးခဲ့ကြသည်။

Eliza B. Young, MA, PHR publications coordinator မှနေ၍ ဤအစီရင်ခံစာအား ထုတ်လုပ်ဖြန့်ချီရေးအတွက် တည်းဖြတ်မှုနှင့် ပြင်ဆင်မှုများ ပြုလုပ်ပေးသည်။ လူ့အခွင့်အရေးဆိုင်ရာ ဆရာဂန်များ အဖွဲ့ (PHR) ၏ အလုပ်သင်ဖြစ်သူ Shilpa Venigandla မှ ဤအစီရင်ခံ စာထုတ်ပြန်ရေးအတွက် ကူညီပေး ခဲ့သည်။

ဒို့မြေကွန်ရက်၊ကယန်းမျိုးဆက်သစ်လူငယ်အဖွဲ့ နှင့် အခြား ဒေသတွင်း ရှိ အဖွဲ့အစည်း (၆) ဖွဲ့မှ ဤအစီရင်ခံစာအတွက် လိုအပ်သည့် လေ့လာ သုံးသပ်မှု ပုံစံများ ချမှတ်ခြင်း၊ အချက်အလက် စုဆောင်းခြင်း၊ ပြန်လည်စစ်ဆေးခြင်းနှင့် တည်းဖြတ်ခြင်းများတွင် ပါဝင် ကူညီ ခဲ့ကြသည်။ အောင်မျိုးဟိန်း (MSc)၊ စန္ဒာချိုဦး (MSc) နှင့် ပေရယ်ကြူကြူး (MSc) တို့မှ လေ့လာသုံးသပ်မှု ပုံစံများ ချမှတ်ခြင်းနှင့် သုတေသနလုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ကြီးကြပ် ညွှန်ကြားခြင်းများအတွက်ပိုင်းဂန်းဆောင်ရွက်ခဲ့ကြသည်။

လူ့အခွင့်အရေးဆိုင်ရာဆရာဂန်များအဖွဲ့အနေနှင့်ကိုယ်တွေ့ဖြစ်ရပ်များ ကို မျှဝေပေးခဲ့ကြသော နေရာပြောင်းရွှေ့ ခံရသူများအား လိုက်လှဲစွာ ကျေးဇူးတင်အပ်ပါသည်။

ဤအစီရင်ခံစာအတွက် စစ်တမ်းကို လူ့အခွင့်အရေးဆိုင်ရာဆရာဂန် များအဖွဲ့ (PHR) ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ ပြန်လှန်သုံးသပ်သည့် ဘုတ် အဖွဲ့မှနေ၍ အတည်ပြုပေးခဲ့သည်။

ဤစစ်တမ်းကောက်ယူမှုနှင့် အစီရင်ခံစာထုတ်ဝေမှုအား National Endowment for Democracy မှ ထောက်ပံ့ပေးခဲ့သည်။


## မာတိကာ


4 စကားဦး

5 နည်းလမ်းများနှင့် အကန့်အသတ်များ

7 နောက်ခံ အကြောင်းအရင်း

9 မြေသိမ်း၍ ရွှေ့ပြောင်းနေထိုင်စေခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာ လမ်းညွှန်ချက်များ

11 ဆွေးနွေးမှုများနှင့် ရလဒ်များ

12 မြေယာပိုင်ဆိုင်မှု စာရွက်စာတမ်း ထုတ်ပေးခြင်းတွင် အားနည်းချက် များစွာရှိနေခြင်း

16 နိဂုံးချုပ်

17 အကြံပြုချက်များ

18 အချက်အလက်ပြ ဇယားများ

19 အချက်အလက်ပြ ပုံများ

22 Endnotes

# စကားဦး

မြန်မာနိုင်ငံသည် နှစ်ပေါင်း ၄၀ နီးပါး နိုင်ငံတကာ စီးပွားရေးပိတ်ဆို့ခံရသည်အထိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ခဲ့သော စစ်တပ်ဦးစီးသည့် အစိုးရ အုပ်ချုပ်မှု လက်အောက်တွင် ကျရောက်ခဲ့သည်။[1] သို့သော် ၂၀၁၂ ခုနှစ် နှစ်ဦးပိုင်း၌အစိုးရ၏ မူဝါဒအချို့အား ဖြေလျှော့ပြီး နောက်ပိုင်းတွင် အနောက်နိုင်ငံများမှ ထိုပိတ်ဆို့မှုများအား ပြန် လည် ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံအတွင်း ပိတ်ဆို့မှုများပြုလုပ်ထားသည့် အချိန် တွင်စီးပွားရေးအရ နှစ်နိုင်ငံ ဆက်ဆံမှုများ ဆက်လက် တည်ရှိနေခဲ့ သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများကဲ့သို့ ပင်ဩစတြေးလျ၊ ကနေဒါ၊ ဂျပန်၊ အမေရိကန်နှင့် ဥရောပတိုက်ရှိ နိုင်ငံများသည် ဤနိုင်ငံအတွင်း အခြေတည်နိုင်ရန်အတွက် ဆယ်စုနှစ်များအတွင်း ပထမဆုံးအဖြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အကူပစ္စည်းများ အား တိုးမြှင့်ပံ့ပိုးခဲ့ပြီး ၎င်းတို့၏ စီးပွားရေး လုပ်ငန်းများကိုလည်ပတ်စေရန် ခွင့်ပြုခဲ့သည်။

အစိုးရ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းမှု၊ အဂတိလိုက်စားမှုများနှင့် နိုင်ငံ၏ စီးပွားရေး ကို ဖျက်စီးခဲ့သော စီးပွားရေးအရ ပိတ်ဆို့အရေးယူခံရမှုများကြောင့် အရှေ့တောင်အာရှတွင် အဆင်းရဲဆုံး နိုင်ငံများထဲမှ တစ်နိုင်ငံအဖြစ် စာရင်းဝင်ခဲ့သည့် မြန်မာနိုင်ငံရှိ ပြည်သူများ၏ စီးပွားရေး အခြေအနေ တိုးတက်ကောင်းမွန် လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများမှာ အခွင့် အလမ်းတစ်ခုအဖြစ် သွေးဆောင်လျက် ရှိသည်။[2] ထို့ကြောင့် မြန်မာနိုင်ငံအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအား အရှိန်အဟုန်ဖြင့်ဝင် ရောက်လာရန်အတွက် စိုက်ပျိုးရေး၊ သစ်ထုတ်လုပ်ရေး၊ အထူးစီးပွား ရေးဇုံများ၊ ရေနက်ဆိပ်ကမ်းများ၊ရေအားလျှပ်စစ်ထုတ်လုပ်ရန် ရေကာတာများနှင့် တွင်းထွက်ပစ္စည်း တူးဖော်မှုများတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများပြန်လည် ဖွင့်ပေးသည့်အခါ ထိုလုပ်ငန်းအားလုံးမှာ လူတစ်ဦး တစ်ယောက်ချင်းစီမှ ဖြစ်စေ၊ လူမှုအသိုင်းအဝိုင်းစီမှဖြစ်စေ လျော်ကြေး ငွေအနည်းငယ် သို့မဟုတ် လျော်ကြေးငွေ လုံးဝမပေးသောတရားမဝင် မြေသိမ်းမှုများနှင့် နီးနွယ်ပတ်သက်မှုများ ရှိလာခဲ့သည်။

မြန်မာနိုင်ငံရှိ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း စီမံကိန်းများသည် အစုလိုက်အပြုံလိုက် အဓမ္မရွှေ့ပြောင်းနေထိုင်မှုများအား နေရာအနှံ့ဖြစ်ပေါ်စေခဲ့ပြီး လုပ်ငန်းလည်ပတ်သည့် နေရာဒေသတွင် နေထိုင်သော ဒေသခံများကို ယှဉ်ပြိုင်၍ မရသည့် ဆုံးရှုံးမှုများလည်း ခံစားစေခဲ့သည်။ ထိုအထဲတွင် လူ့အခွင့်အ ရေး ချိုးဖောက်မှုများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ စားနပ် ရိက္ခာ ဖူလုံမှုနှင့် လူထု၏ ကျန်းမာရေး အပေါ်ထိခိုက်စေမှုများ ပါဝင်လာ သည်။ ထိုကဲ့သို့ မြေသိမ်းပြီး တရားမဝင်နေရပ်မှ နှင်ထုတ်မှုများနှင့် ယင်း၏ အကျိုးဆက်များမှာ အင်မတန် ဆိုးရွားပြီး လူပေါင်းများစွာကို ဆင်းရဲတွင်းထဲသို့ ပို့ဆောင်လျက်ရှိသည်။ အစိုးရ၏ မူဝါဒများသည် ထိုလုပ်ငန်းများ တိုးတက်လာစေရန်သာ အားတင်ပေးသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကိုသာစောင်းပေးထားသည့်အချို့သောမြေယာဥပဒေများ အပါအဝင် လျော့ရဲသော ရှင်းလင်းမှုမရှိသော မြေယာမူဝါဒများသည် အစိုးရ၊ စစ်တပ်နှင့်စီးပွားရေးလုပ်ငန်းရှင်များအား ပွင့်လင်းမြင်သာသည့် ဆုံးဖြတ်ချက်ချသောဖြစ်စဉ်များ၊ လျော်ကြေးငွေ ပေးချေမှုများ မရှိပဲ မြေသိမ်းမှုများအား လုပ်ဆောင် နိုင်ရန်အတွက် ဥပဒေအရ အကာအကွယ် ပေးလျက်ရှိသည်။

အောက်တွင် ဖော်ပြမည့် အစီရင်ခံစာသည် လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ မှ လုပ်ဆောင်ခဲ့သည့် မြန်မာနိုင်ငံအတွင်း မြေသိမ်းမှုများကို သုတေသန ပြုထားသည့် အချက်များကို အခြေခံထား ခြင်းဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်ရာတွင် epidemiological ဟုခေါ်သည့် ဆေးပညာဆိုင်ရာ စစ်တမ်းကောက်ယူသည့်စနစ်ကို အသုံးပြုခဲ့ပြီး ရှမ်းပြည်နယ် တောင်ပိုင်း ပေါင်းလောင်းရေကာတာ၏ ရေလှောင်ကန် ကြောင့်နေရပ်မှ ရွှေ့ပြောင်းခဲ့ရသော ရွာသားများ၏ လူ့အခွင့်အရေး၊ အသက်မွေးဝမ်းကျောင်း နှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်ခံစားမှုများကို သုတေသန ပြုခဲ့ခြင်းဖြစ်သည်။

## မြန်မာနိုင်ငံအတွင်း ဆက်စပ်လျက်ရှိသော လူ့အခွင့်အရေး၊ မြေယာ၊ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ နှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများ

အဓမ္မခိုင်းစေမှုများ၊ လွတ်လပ်စွာသွားလာခြင်းကို ပိတ်ပင်မှုများနှင့် အထူးသဖြင့် တရားမဝင် မြေယာသိမ်းဆည်းမှုများ ကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများသည် အိမ်ထောင်စုများအား ၎င်းတို့၏ စားဝတ်နေရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းရန်နှင့် ဆင်းရဲခြင်းကိုတွန်းလှန်ရန်အတွက် စွမ်းဆောင်နိုင်မှုများအပေါ် များစွာ ဆိုးကျိုး

သက်ရောက်လျက် ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံ အတွင်းရှိ မြေယာကို အစားအသောက်၊ ဝင်ငွေအခွင့်အလမ်းနှင့် အသက်ရှင်သန်ရန် အတွက် အခြေခံ လိုအပ်ချက်အဖြစ် အသုံးပြု မှီခိုအားထား နေရသည့် ပြည်သူများစွာအနေနှင့် ပိုင်ဆိုင်မှုများ ဆုံးရှုံးရခြင်းသည် ၎င်းတို့အတွက် အလွန်ခက်ခဲသော အခြေအနေတစ်ရပ်ကို ဖြစ်ပေါ်စေသည်။ ၂၀၁၁ ခုနှစ်ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ် (UNDP) ၏ အစီရင်ခံစာအရ မြန်မာနိုင်ငံအတွင်းရှိ လူဦးရေ ၆၆ ရာခိုင်နှုန်းသည်ကျေးလက်ဒေသများတွင် အခြေချ နေထိုင်လျက်ရှိပြီး ထိုလူဦးရေ၏ တစ်ဝက်မှာ အမဲလိုက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ငါးဖမ်းခြင်းလုပ်ငန်းများ လုပ်ကိုင်ကြသည်။ မြန်မာနိုင်ငံတွင် လယ်ယာမြေများစွာ ပိုင်ဆိုင်သူများသည် ဆင်းရဲရန် အလားအလာ နည်းသော်လည်း မြေပိုင်ဆိုင်မှု မရှိသူများမှာမူ ဆင်းရဲနွမ်းပါးကြသည်ဟု ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ ၂၀၁၁ ခုနှစ် ဖွန်လတွင် အစီရင်ခံ တင်ပြခဲ့ သည်။ လယ်သမားမဟုတ်သည့် မြေပိုင်ရှင်များသည် ၎င်းတို့၏ ဝင်ငွေ နှင့် အစားအသောက်ရရှိရန်အတွက် ဉယာဉ်ခြံ လုပ်ငန်းများ လုပ်ကိုင် ခြင်းဖြင့် လိုအပ်ချက်ကို ဖြည့်ဆည်းလျက်ရှိသည်။ အစားအသောက်နှင့် ဝင်ငွေ အခွင့်အလမ်းရရှိနိုင်သော အဓိကကဏ္ဍတစ်ရပ်ဖြစ်သောကြောင့် မြေယာ ပိုင်ဆိုင်ခြင်းသည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ စားနပ် ရိက္ခာ ဖူလုံမှုများနှင့် တိုက်ရိုက် ဆက်နွယ်လျက်ရှိသည်။[3] Substantive due process ဟုခေါ်သည့် အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများအား တရားရုံးမှ ကာကွယ်မှု ပေးနိုင်သည့် စနစ်နှင့် တရား ဥပဒေအရ လုပ်ထုံးလုပ်နည်းများအား အသိအမှတ်ပြုခြင်း မရှိပဲ အစိုးရမှ မြေသိမ်းသောအခါ မြေသိမ်းခံ ပြည်သူများအနေနှင့် ပို၍ပင် ယူကြုံးမရ ခံစားရနိုင်သည်။ ယခင်က လေ့လာတွေ့ရှိမှုများနှင့် အခြားမှ အကြံပြုချက်များအရ စားနပ်ရိက္ခာ ဖူလုံမှု၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် ကျန်းမာရေး အခြေအနေများမှာ မြေယာဆုံးရှုံးခြင်း၏ အကျိုး သက်ရောက်မှုများအနေဖြင့် တိုက်ရိုက် ဆက်စပ်လျက် ရှိသောကြောင့်မြန်မာပြည် အတွင်းတွင် ဥပဒေမဲ့ မြေသိမ်းမှုများ၏ နောက်ဆက်တွဲ အကျိုးဆက်များကို သိရှိနိုင်ရန်အတွက် ၎င်းတို့ကို လူ့အခွင့်အရေးဆိုင်ရာဆရာဝန်များအဖွဲ့ မှ လေ့လာခဲ့ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မြေသိမ်းမှုများကြောင့် အကျိုးဆက်အနေနှင့် ကျန်းမာရေးအခြေအနေဆိုးရွားမှုကို ဖြစ်ပေါ်စေနိုင်ပြီး အသက်ဆုံးရှုံးမှုများကိုပါ ဖြစ် ပေါ်စေနိုင်သည်။

*"မျက်မှောက်ခေတ်ကမ္ဘာပေါ်တွင် ဆင်းရဲနွမ်းပါးမှုသည် လူ့အခွင့်အရေးများ အတွက် အကြီးမားဆုံးသော စိန်ခေါ်မှုကြီးတစ်ရပ် ဖြစ်သည်။"*

လူးဝစ် အာဘောလ် (Louise Arbour), ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးဟောင်း၊ ယူဂိုစလားဗီးယားနှင့် ရဝန်ဒါနိုင်ငံများအတွက် နိုင်ငံတကာ ရာဇဝတ် ခုံရုံး၏ အမှုထမ်း ခေါင်းဆောင်ဟောင်း

နိုင်ငံတကာ၏နေရပ် ရွှေ့ပြောင်းနေထိုင်စေမှု စံနှုန်းများနှင့်အညီ လုပ်ဆောင်မှု မရှိသည့်အတွက် အဓမ္မရွှေ့ပြောင်းစေမှုများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ပါဝင်လာသည်။ ထို့ပြင် ဤကနဦးအခွင့်အရေး ချိုးဖောက်မှုများသည် အစားသောက် ဖူလုံစွာရရှိရန်အခွင့်အရေး၊ ပြည့်စုံသော နေအိမ်တွင် နေထိုင်နိုင်ရန် အခွင့်အရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်ဆိုင်သော အခြားအခွင့်အရေးများအား ချိုးဖောက်မှုများ ဆီသို့ ဦးတည်လာနိုင်သည်သာမက လူများအား ဆင်းရဲနွမ်းပါးမှုဆီသို့ ပါဦးတည်စေနိုင်သည်။ ဆင်းရဲနွမ်းပါးမှုဆိုသည်မှာ လူသားရင်းမြစ်၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာယဉ်ကျေးမှုများ အပါအဝင်



လူသားတစ်ယောက်အနေနှင့် ဂုဏ်သိက္ခာရှိစွာဖြင့် နေထိုင်နိုင်ရေးအတွက် လိုအပ်သော ကာကွယ်နိုင်စွမ်း အရာများ မရှိခြင်းပင် ဖြစ်သည်။[4] အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုသည် ကျန်းမာရေးနှင့် ဆိုင်၍ ကာကွယ်ဆေးထိုးနှုန်း နိမ့်ပါးခြင်း၊ ရေနှင့် တကိုယ်ရေ သန့်ရှင်းမှု အားနည်းခြင်း၊ ဆေးဝါးရရှိနိုင်သည့် အခွင့်အလမ်း မရှိခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များ သေဆုံးမှု တိုးပွားလာခြင်းနှင့် အဟာရ ချို့တဲ့ခြင်း စသည်တို့နှင့် ဆက်စပ်လျက်ရှိသည်။[5] အဟာရ ချို့တဲ့မှုသည် ကမ္ဘာတစ်ဝှမ်းရှိ ကလေးများ သေဆုံးမှု၏ ၅၀ ရာခိုင်နှုန်းအတွက် အခြေခံအကြောင်းအရင်းတစ်ရပ် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်ထိုကဲ့သို့ အဟာရချို့တဲ့သည့်အခါ ကလေးများသေဆုံးမှု၏ အဓိက အကြောင်းရင်းများဖြစ်သည့် ဝက်သက်ရောဂါ၊ ဝမ်းရောဂါ၊ အဆုတ်ရောင်ရောဂါနှင့် ငှက်ဖျားရောဂါများကို တိုက်ထုတ်ရန်အတွက်

ကလေးများအနေနှင့် ခွန်အား အပြည့်အဝ မရှိသောကြောင့်ဖြစ်သည်။ [6]

မြန်မာနိုင်ငံတွင် ဥပဒေမဲ့ မြေသိမ်းမှုများကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုများဖြစ်ပေါ်လာသည့်အခါ မြေသိမ်းခံ ပြည်သူများမှာ မြေယာဆုံးရှုံးပြီး ၎င်းတို့ အသက်ရှင်နေထိုင်ရေးအတွက် ဝင်ငွေအခွင့်အလမ်းများ ဆုံးရှုံးလေ့ရှိသည်။ အကျိုးဆက်အနေနှင့် မြေသိမ်းခံပြည်သူများသည် ၎င်းတို့၏ သက်ဆိုင်ရာ မိသားစုဝင်များ စားသုံးရန်အတွက် သီးနှံစိုက်ပျိုးရန် သို့မဟုတ်လုံလောက်သော အစားအသောက် ဝယ်ယူရန်မစွမ်းဆောင်နိုင်တော့သည့်အတွက် စားနပ်ရိက္ခာ ဖူလုံမှု ကျဆင်းလာပြီး ဆင်းရဲချို့တဲ့မှု မြင့်မားလာကာ ရောဂါဖြစ်ပေါ်မှု အန္တရာယ်လည်းများပြားလာသည်။ လုံလောက်သော ဝင်ငွေအခွင့်အလမ်း မရှိသည့်အတွက် ဖျားနာလာသည့်အခါ လူအများစုမှာ ကျန်းမာရေး စောင့်ရှောက်မှု ရရှိရန်အတွက် ခရီးသွားလာစရိတ်နှင့် ဆေးဖိုးဝါးခ ကုန်ကျစရိတ် ပေးချေရန်အတွက် မတတ်နိုင်တော့ချေ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စားနပ်ရိက္ခာ ဖူလုံမှုများ နှင့် ဆက်စပ်သော တိုင်းတာချက်များသည် သွယ်ဝိုက်သော အကျိုးဆက်များအနေဖြင့် ဖော်ပြပြီးပြောင်းရွှေ့နေထိုင်သူများ ရေရှည်ခံစားရမည့် ထိခိုက်မှုများ အဖြစ်တည်ရှိလာနိုင်ကာ နေရပ် ရွှေ့ပြောင်းစေမှုများသည် နိုင်ငံတကာ စံနှုန်းများနှင့် မကိုက်ညီသောအခါ ထိခိုက်နစ်နာမှုများအတွက် အာရုံ စိုက်မှုများ ရှိလာစေသည်။

*ဓာတ်ပုံ- ပေါင်းလောင်းဒေသ ရွှေ့ပြောင်း ဧရိယာ အိမ်တန်းများ*

## နည်းလမ်းများနှင့် အကန့်အသတ်များ

ဤသုတေသန၏ ရည်ရွယ်ချက်မှာ ရှမ်းပြည်နယ် တောင်ပိုင်းရှိ ပေါင်းလောင်းရေကာတာတည်ဆောက်ရာတွင် ရွှေ့ပြောင်း နေထိုင်မှုများ ပြုလုပ်ခြင်းဖြစ်စဉ်၌ လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိမရှိကို စီစစ်ရန်ဖြစ်ပြီး ရှိခဲ့ပါက ပြောင်းရွှေ့နေထိုင်သူများအပေါ် ထို ချိုးဖောက်မှုများ ၏ အကျိုးဆက်ကို တိုင်းထွာလေ့လာရန်ဖြစ်သည်။ ထို နေရပ်ရွှေ့ပြောင်း နေထိုင်စေမှုဖြစ်စဉ်များတွင်အခြေခံလမ်းညွှန်ချက် စည်းမျဉ်းများ၊ အခြေခံလုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များအား လိုက်နာမှု ရှိမရှိကို သိရှိစေရန်အတွက်နှင့် ရွှေ့ပြောင်းနေထိုင်မှုကြောင့် ဖြစ်ပေါ်လာသော အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ စားနပ်ရိက္ခာ ဖူလုံမှု၊ ကျန်းမာရေးနှင့် ရေရရှိမှုနှင့်ဆိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ အကျိုးဆက်များကို သိရှိရန် လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့မှ အခန်းများစွာ ပါဝင်သော epidemiological ဟုခေါ်သည့် ဆေးပညာဆိုင်ရာစစ်တမ်းကောက်ယူသည့်စနစ်ကို ဖော်ဆောင်ခဲ့သည်။ ထို epidemiological ဟုခေါ်သည့် ဆေးပညာဆိုင်ရာ စစ်တမ်းကောက်ယူသည့်စနစ်တွင်အရေအတွက်ပြ အပိတ်မေးခွန်းများနှင့်အတူ နောက်ဆက်တွဲ အသေးစိတ် မေးမြန်း ထားသည့် မေးခွန်းများ ရောယှက် ပါဝင်သည်။

Epidemiological ဟုခေါ်သည့် ဆေးပညာဆိုင်ရာ စစ်တမ်းကောက်ယူ သည့်စနစ်ကိုဖော်ဆောင်ရန်အတွက် လူ့အခွင့်အရေးဆိုင်ရာဆရာဝန်များအဖွဲ့မှ သုတေသနပြုသူသည် ယခင်က သုတေသန ပြုသော တက္ကသိုလ်များ၊ ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကို လုပ်ဆောင်သော အဖွဲ့ အစည်းများမှ စမ်းသပ် အသုံးပြုခဲ့သော စစ်တမ်းကောက်ယူသည့် နည်းလမ်း ကိရိယာ ပုံစံများကို အသုံးပြုခဲ့သည်။ ဤ အသုံးပြုသောနည်း လမ်းပုံစံများကို နိုင်ငံတကာမှ အသိအမှတ်ပြုထားပြီးဖြစ်သောကြောင့် ယခုသုတေသနမှ ရလာဒ်များ ကို မြန်မာနိုင်ငံ၏ အခြားနေရာများတွင် လုပ်ဆောင်ခဲ့သော လေ့လာ စမ်းစစ်ချက်များနှင့် နှိုင်းယှဉ်၍ ရသည်။

မြန်မာနိုင်ငံအတွင်းရှိ လူဦးရေ ၂ သန်း၏ စားနပ်ရိက္ခာ ဖူလုံမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ပတ်သက်၍ သိရှိရန်အတွက် လူ့အခွင့်အရေး ဆိုင်ရာဆရာဝန်များအဖွဲ့မှ household hunger scale (HHH) ဟု ခေါ်သော အိမ်ထောင်စု အဟာရပြတ်လပ်မှု ဆိုင်ရာ တိုင်းတာချက်၊ တပ်ဖ် တက္ကသိုလ်မှ USAID၏ အစားအသောက်နှင့် အာဟာရပိုင်းဆိုင်ရာ နည်းပညာ ထောက်ပံ့မှု လုပ်ငန်း the Food and Nutrition Technical Assistance program (FANTA)၊တပ်ဖ် တက္ကသိုလ်မှ ထုတ်ပြန်ခဲ့သော အိမ်ထောင်မိသားစုအတွက် လုံလောက်သော အစားအသောက် ထောက်ပံ့သည့် လများ the Months of Adequate Household Food Provisioning (MAHFP)၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် စားနပ်ရိက္ခာ အတွက် စိတ်ချရသောရန်ပုံငွေများဆိုင်ရာမေးမြန်းချက်များ (Food Security Trust Fund survey)နှင့် အလှူရှင် အများစုကပံ့ပိုးပေး ခဲ့သော စစ်တမ်းကောက်မှုများကို အသုံးပြုခဲ့သည်။ လူ့အခွင့်အရေး ဆိုင်ရာ ဆရာဝန်များအဖွဲ့၏ စစ်တမ်းကောက်ယူသူများသည် စိတ်ဓါတ်ကျဆင်းခြင်း၏ရှုပ်ထွေးနေမှုများကို သိရှိစေရန်အတွက် two-question Patient Healthcare Questionnaire (PHQ-2) ခေါ်သည့်

ကျန်းမာရေး ဂေဒနာခံစားရသူ လေ့လာသည့် မေးခွန်းတွဲ  မေးခွန်း နှစ်ခု ပုံစံ ကို အသုံးပြုခဲ့ကြသည်။[7]

လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ သည် ရွှေ့ပြောင်းနေထိုင်မှု များနှင့် ဆိုင်သည့် အချက်အလက်များ ကောက်ယူရန်နှင့် ဖြစ်စဉ်သည် နိုင်ငံတကာ စံချိန်စံနှုန်းများကို လိုက်နာမှုရှိမရှိကို စစ်ဆေး သုံးသပ်ရန် အတွက် မေးခွန်းအမျိုးအစားပေါင်းများစွာကို ဖော်ဆောင်ခဲ့သည်။ လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ သုတေသနပြုသူများသည် အောက်တွင်ဖော်ပြသော အခြေခံ လမ်းညွှန်ချက် စည်းမျဉ်းစည်းကမ်း များ၊ အခြေခံလုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကို အသုံးပြု ခဲ့ကြသည်။

- မြေယာပိုင်ဆိုင်မှု စာရင်းများနှင့် ပြီးပြည့်စုံသည့် အဆိုပြုပြန် လည် နေရာချထားရေး အစီအစဉ်များ အပါအဝင်သက်ဆိုင် ရာအချက်အလက်များအား ကြိုတင်ဖြန့်ဝေ ဆွေးနွေးခြင်း။
- မြေသိမ်းမည့်အကြောင်း ရွှေပြောင်းစေမှုများကိုကြိုတင် အကြောင်းကြားခြင်းနှင့် ပြည်သူလူထုအား အသိပေးပွဲများ ပြုလုပ်ခြင်း။
- မြေသိမ်းခံပြည်သူများ၊သက်ရောက်မှု ခံစားရသည့်သူများ ရွှေ့ပြောင်းနေထိုင်ရန် ချမှတ်ပေးသည့် ဆုံးဖြတ်ချက်ကို စိန်ခေါ်နိုင်မည့် အခွင့်အလမ်းများဖွင့်ပေးခြင်းနှင့် အခြား ရွေးချယ်နိုင်သည့် အခွင့်အလမ်းများ ချပြနိုင်ရန်အတွက် လူထု အသိပေးပွဲများပြုလုပ်ခြင်းနှင့်
- လျော်ကြေးငွေ ပမာဏ ဆုံးဖြတ်ရန်နှင့် လက်ခံရယူရန် အတွက် ပွင့်လင်းမြင်သာသည့် ဆောင်ရွက်မှု ရှိစေရန်တို့ ဖြစ်သည်။

ဤစစ်တမ်းကောက်ယူခြင်းတွင် လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များ အဖွဲ့မှ ရန်ကုန်မြို့နှင့် ၁၅ မိုင် ကွာဝေးသော သီလဝါ အထူးစီးပွားရေး ဇုံတွင် အဓမ္မရွှေ့ပြောင်းနေထိုင်စေခြင်း၏ အကျိုးဆက်များကို သိရှိရန် အတွက် ပြုလုပ်ခဲ့သည့် ယခင် စစ်တမ်းကောက်ယူရာတွင် အသုံးပြု သည့်မေးခွန်းများကို  အပြန်အလှန်သုံးသပ်ခဲ့သည်။ယခုလုပ်ငန်းစဉ် ဆောင်ရွက်စဉ် ကာလအတွင်းတွင် လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန် များအဖွဲ့သည် ဒေသတွင်းရှိ အဖွဲ့များ၊ထိခိုက်နစ်နာသူများနှင့်အကြိမ် ကြိမ် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ပြီး ဤစစ်တမ်းမေးခွန်းလွှာကို ပြန်လှန်ဆန်းစစ်ခဲ့သည်။ ဤမေးခွန်းလွှာအား သီလဝါ ဒေသအတွက် ပြုလုပ်ခဲ့သည့် သုတေသနလုပ်ငန်းမှ ရရှိလာခဲ့သော အကြံပြုချက်များ ကို အခြေခံ၍ ပြောင်းလဲခဲ့ပြီး ပေါင်းလောင်းဒေသမှ ဒေသခံ အဖွဲ့များ၊ ထိခိုက်နစ်နာသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကာ ပြင်ဆင် ဖြည့်စွက်ခဲ့ခြင်းဖြစ်သည်။ ဤလုပ်ငန်းစဉ်အတွက် နောက်ဆုံးအဆင့် ထွက်ပေါ်လာသည့် စစ်တမ်းလွှာတွင် မေးခွန်းပေါင်း ၇၁ ခု ပါဝင်သည်။

ပေါင်းလောင်းဒေသတွင်းရှိ အဖွဲ့အစည်းများတွင် လုပ်ကိုင်နေသူများနှင့် မြန်မာနိုင်ငံ အခြားနေရာများမှ ဒေသတွင်း အဖွဲ့အစည်းများတွင် ပါဝင် လုပ်ကိုင်နေသောအမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၆ ဦး ပါဝင်သည့် စစ်တမ်းကောက်ယူမည့်သူများအား လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့မှ သင်တန်း ၂ ရက် ပို့ချခဲ့သည်။ ထိုသင်တန်းတွင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ၊ အမေးအဖြေပြုလုပ်ရမည့် နည်းလမ်းများ၊ စစ်တမ်းတွင် ပါဝင်သည့် မေးခွန်းများ၏ အဓိပ္ပါယ်များ အား သေချာစွာ လေ့လာခြင်းနှင့်မေးခွန်းမေးမည့်သူအား အသိပေး ပြောကြားပြီး သဘောတူညီမှု ရရှိရန်အတွက် လိုအပ်သည့် အကြောင်း များ လုပ်ဆောင်ရန် တို့ပါဝင်သည်။ ကွင်းဆင်းကြီးကြပ်သူနှစ်ဦးမှ စံနမူ နာအဖြစ် ဆောင်ရွက်ပြခြင်းနှင့် ထိုအမေးအဖြေ ကဏ္ဍကို စောင့်ကြပ် စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့မှ အိမ်ထောင်စု ၇၉ စုကို စံအဖြင့် ထား၍ ခန့်မှန်းခြေကို တွက်ချက်ရန် မေးမြန်းခဲ့ရာတွင် ၎င်း တို့၏ အခြေအနေမှာ ရွှေ့ပြောင်းနေထိုင်ပြီးနောက်ပိုင်းအတိအကျပင် ၅ ရာခိုင်နှုန်း ပိုမိုဆိုးရွားမှု ရှိလာကြောင်း တင်ပြခဲ့ကြသည်။ ဤနည်းလမ်း သည် လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့မှ ယခင် က သီလဝါ လုပ်ငန်းတွင် ရွှေ့ပြောင်းနေထိုင်သူများနှင့် လုပ်ဆောင်ခဲ့သော လုပ်ငန်း ဆောင်ရွက်မှုအပေါ် အခြေခံ ထားခြင်းဖြစ်ပြီး ၉၁ ရာခိုင်နှုန်းမှာ ပိုမို ဆိုးရွားလာသော အခြေအနေနှင့် ရင်ဆိုင်နေရပြီး ၉၅ ရာခိုင်နှုန်းမှာ ပုံမှန် အနေအထားပြန်ဖြစ်လာကာ ၉၁ ရာခိုင်နှုန်းမှာ ကြားနေ အခြေအ  နေတွင်ရှိသည်။[8] ပို့ဆောင်ဆက်သွယ်ရေး အခက်အခဲနှင့် လုံခြုံရေး အတွက် စိုးရိမ်မှုကြောင့် ကျေးရွာ တစ်ရွာချင်းစီတွင် အသုံးပြုရမည့် အချိန်များအား လျော့ချရသဖြင့် အိမ်ထောင်စုပေါင်း ၇၉ စုပြည့်ရန် ကျေးရွာ ငါးရွာရှိ အိမ်ထောင်စု ၁၆ စုအား စံနမူနာထားခြင်းသည် အကောင်းဆုံးဖြစ်မည်ဟု လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့မှ ဆုံးဖြတ်ခဲ့ကြသည်။

လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့မှ အမေးအဖြေ ပြုလုပ်မည့် အိမ်ထောင်စုများကို ရွေးချယ်သတ်မှတ်ရန်အတွက် စံပုံစံ အဆင့် ၂ဆင့်ကို အသုံးပြုခဲ့ကြသည်။ ရောဂါတာကြောင့် ရွှေ့ပြောင်း ခဲ့ရသူများ သည် ကျေးရွာ ၂၃ ရွာတွင်နေထိုင်ပြီး ထိုကဲ့သို့ ရွှေ့ပြောင်းနေထိုင် ပြီးနောက်တွင် ထိုကျေးရွာ ၂၃ ရွာကို ရွာကြီး ၁ ရွာအဖြစ် သတ်မှတ် ဖွဲ့စည်းခဲ့သည်။ ထိုရွှေ့ပြောင်းသည့် ရွာများထဲတွင် ၅ရွာကို အစီအစဉ် တကျ မဟုတ်ပဲ ကျေးရွာ အရွယ်အစား ပေါ်မူတည်၍ အချိုးကျရွေးချယ် ခဲ့ခြင်းဖြစ်သည်။ ဤနည်းလမ်းအား အသုံးပြုခြင်းဖြင့် ရွှေ့ပြောင်းနေထိုင် သူ အိမ်ထောင်စု ၈၀၀ အတွင်းမှ စံအနေနှင့် လုပ်ငန်းအဆင့် ရွေးချယ် ရာတွင်သာတူညီမျှမှုရှိစေရန်နှင့် ဤလုပ်ငန်းမှရရှိလာသော ရလာဒ်များ မှ ထိုလူပေါင်း ၈၀၀ အပေါ် ယေဘုယျအနေနှင့် ပြန်လည်သတ်မှတ်ရန် ဖြစ်သည်။ ထို့ပြင် ရွာလူကြီးများမှ ပေးအပ်ခဲ့သော ကျေးရွာစာရင်း ကို အခြေခံပြီး အိမ်ထောင်စု ၁၆ စုကို သတ်မှတ်ရာတွင် Microsoft Excel ၏ RANDBETWEEN ကို အသုံးပြုပြီး ၁ မှ ၁၆ အကြား ရရှိလာ သော ကိန်းဂဏန်းများကို အသုံးပြု၍အိမ်များကို နံပါတ် အတိုင်းစတင် ရေတွက်ပြီး ၁၆ ခုမြောက် အိမ်ကို ရွေးချယ်ခဲ့သည်။

ရွှေ့ပြောင်းနေထိုင်မှုကိုအသေးစိတ် ပိုမိုလေ့လာရန် အတွက်နှင့် စစ်တမ်း ကောက်ယူချိန်တွင် ထည့်သွင်းပြောဆိုခြင်း မရှိခဲ့သော ပြဿနာများ အား ဖော်ထုတ်ရန်အတွက် လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့မှ ရွှေ့ပြောင်းနေထိုင်သူ ရွာသားများနှင့် အဖွဲ့လိုက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဒေသတွင်းရှိ ခေါင်းဆောင်များနှင့် ထိုရွှေ့ပြောင်းမှုဖြစ်စဉ်တွင် ကျွမ်းဝင်နေသူများ ဒေသအခြေအနေ သိသူများကို အဓိက သတင်း အချက်အလက် ရယူနိုင်မည့် မေးခွန်း ၁၀ ခု မေးမြန်းခဲ့ကြသည်။

ဤစစ်တမ်းကောက်ယူမှုတွင် တွေ့ကြုံရသော အခက်အခဲ အတား အဆီးများမှာ သက်ဆိုင်သူလူထုအားလုံးကို မေးမြန်းခွင့်မရှိခြင်းနှင့် အခြားအနီးအနားကျေးရွာရှိလူများအား နှိုင်းယှဉ်အဖွဲ့အနေနှင့် မေးမြန်း နိုင်ခြင်း မရှိခဲ့ခြင်း သို့မဟုတ် ရွှေ့ပြောင်းနေထိုင်ခြင်းမပြုမီကသတင်း အချက်အလက်များကို ရယူနိုင်မှု မရှိခြင်းတို့ ဖြစ်သည်။ အခြား အတား အဆီးများမှာမူ အချို့ဖြေကြားသူများမှာ အစိုး၏ တုန့်ပြန်ရန်မှုလာမည် ကို ကြောက်ရွံ့သောကြောင့် ရွှေ့ပြောင်းမှုနှင့် ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်မှုများအား တင်ပြရန် တွန့်ဆုတ်နေကြသည်။ အခြားဖြစ်နိုင်ခြေ ရှိသည်မှာ အိမ်ထောင်စုများသည် ရွှေ့ပြောင်းပြီးနောက် ဖြစ်ပေါ် လာသည့်စိတ်မကျေမချမ်းမှုများကြောင့် ရွှေ့ပြောင်းမှု မတိုင်မီတွေ့ ကြုံရသော အခက်အခဲများမှာ သေးငယ်သွားပြီး ပိုမိုကောင်းမွန်သော တွန်းအားပေးမှု ဖြစ်လာစေရန် ထိုရွှေ့ပြောင်းမှု ပြီးနောက် ကြုံတွေ့ရ သည့် အခက်အခဲများကိုသာအဓိကထား၍ ပြောခြင်းမျိုးလည်း ဖြစ် နိုင်သည်။ လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့မှ ဤကဲ့သို့ ဘက် လိုက်ပြောဆိုမှုများ နည်းပါးစေရန် ချိန်ဆပြီး နည်းမျိုးစုံဖြင့် ကြိုးပမ်း ခဲ့ ကြသည်။ ပထမဆုံးအနေနှင့် စစ်တမ်းကောက်ယူသူများမှ ဤစစ်တမ်း တွင်ပါရှိသည့် အချက်အလက်ပေးသူများအား အမည်ကိုဖော်ထုတ် မည်မဟုတ်ဘဲ ကိုယ်ရေးရာဇဝင်နှင့် အိမ်ထောင်စု အချက်အလက်များ အား စစ်တမ်းတွင် မမေးမြန်းခဲ့ပါ။ ဒုတိယအနေနှင့် သင်တန်းကာလ တွင် လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့မှ စစ်တမ်းကောက်ယူ သူများအား မှန်ကန်သော အချက်အလက်များ တင်ပြမှု၏ အရေးပါပုံကို ဖိဖိစီးစီး သင်ကြားပေးခဲ့သည်။ အထူးသဖြင့် ရွှေ့ပြောင်းမှုမတိုင်မီ ဖြစ်ပွားခဲ့သော အဖြစ်အပျက်များကဲ့သို့ လွန်ခဲ့ပြီးသော အတိတ်အား ပြန်လည် ဖော်ထုတ်ရာတွင် မမှန်မကန် ပြောဆိုမှုများသည်လည်း ရှိနိုင်ပေသည်။

မြန်မာနိုင်ငံတွင် ရောဂါတာစီမံကိန်းများကြောင့် ထောင်ပေါင်းများစွာ သော လူများမှာ ရွှေ့ပြောင်းနေထိုင်ကြရသည်။ သို့သော် ဤစစ်တမ်း ကောက်ယူမှုတွင်မူ ရှမ်းပြည်နယ်ရှိ ပေါင်းလောင်း ရောဂါတာကြောင့် ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စု ၈၀၀ အကြောင်းကိုသာ မှီငြမ်းထား ခြင်းဖြစ်သည်။ ထို့ကြောင့် ဤစစ်တမ်းမှ ရရှိလာသော ရလဒ်များသည် အိမ်ထောင်စု ၈၀၀ အတွက်သာ အကျုံးဝင်ပြီး မြန်မာပြည်အခြားဒေသများရှိရောဂါတာများကြောင့် သို့မဟုတ် အခြားကိစ္စရပ်များကြောင့် ဖြစ်ပေါ်လာသော ရွှေ့ပြောင်းနေထိုင်မှုများ အပေါ် ခြုံငုံနိုင်မည် မဟုတ်ပေ။

လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ ပြန် လှန်သုံးသပ်သည့် ဘုတ်အဖွဲ့မှ ဤသုတေသနပြုမှုကို အခွင့်ပေးခဲ့ သည်။ ၁၉၉၆ ခုနှစ်မှ စတင်၍ လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များ အဖွဲ့တွင် ကျင့်ဝတ်ပိုင်းဆိုင်ရာ ပြန်လှန်သုံးသပ်သည့် ဘုတ်အဖွဲ့အား ၎င်းတို့၏ သုတေသန လုပ်ငန်းနှင့် လေ့လာ စမ်းစစ်ရေးလုပ်ငန်းများ တွင် လူသားများအား အကာအကွယ်ပေးမှု ရှိစေခြင်း ကိစ္စရပ်များ ပါဝင်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ

ဆရာဝန်များအဖွဲ့၏ ကျင့်ဝတ်ပိုင်းဆိုင်ရာပြန်လှန်သုံးသပ်သည့် ဘုတ်အဖွဲ့၏ စည်းမျဉ်း စည်း ကမ်းများသည် Institutional Review Boards (IRBs) မှ အသုံးပြု သော Title 45 CRF Part 46 provisions[9] အပေါ်တွင် အခြေခံထားသည်။ လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များ အဖွဲ့ လုပ်ဆောင်သော လူ သားရင်းမြစ်ဆိုင်ရာ သုတေသနလုပ်ငန်းနှင့် လေ့လာစမ်းစစ်ခြင်းလုပ်ငန်းအားလုံးသည် ကျင့်ဝတ်ပိုင်းဆိုင်ရာ ပြန်လှန်သုံးသပ်သည့် ဘုတ်အဖွဲ့၏ ခွင့်ပြုချက် ရရှိမှသာ လုပ်ဆောင်ခွင့်ရပြီး ထိုလုပ်ငန်းအားလုံးကို ၂၀၀၀ ခုနှစ်တွင် ပြန်လည် သုံးသပ်ခဲ့သော Helsinki ကြေငြာစာတမ်း အရသာ လုပ်ဆောင်ခြင်း ဖြစ်သည်။

.

# နောက်ခံ အကြောင်းအရင်း

မြေသိမ်းမှုများသည် မြန်မာနိုင်ငံကို ယခင်က အုပ်ချုပ်ခဲ့သော စစ်တပ်၏ လက်အောက်တွင် ကျယ်ပြန့်စွာ ဖြစ်ပေါ်ခဲ့ပြီး အလယ်အလတ် လမ်းစဉ် လိုက်သော အစိုးရ အုပ်ချုပ်သည့် ၂၀၁၁ ခုနှစ် အထိ ရပ်တန့်မှုမရှိသေး ပေ။ မြေသိမ်းမှုအတွက် ပြီးပြည့်စုံသော အချက်အလက် စုဆောင်းမှုများ မရှိသေးသော်လည်း အစီရင်ခံစာများအရ မြေသိမ်းမှုများမှာ ကျယ်ပြန့် စွာ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။[10] မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့မှ ဖွဲ့စည်းထားသော မြေယာစုံစမ်းစစ်ဆေးရေး ကော်မရှင်မှာ ယခင်က မြေသိမ်းခံခဲ့ရသော တစ်ဦးချင်းစီ၏ ကိစ္စများကိုသော်လည်းကောင်း အစုအဖွဲ့၏ ကိစ္စများကိုသော်လည်း ကောင်း ဖော်ထုတ် ဖြေရှင်းပေးရန် တာဝန်ရှိသည်။[11]ထိုအဖွဲ့၏ လုပ်ငန်း စတင်သည့် ပထမ ခြောက်လတွင် စစ်တပ်မှ အဓမ္မ သိမ်းယူထားသော မြေဧကပေါင်း ၂၄၇၀၇၇ ဧက အတွက် တိုင်စာ ၅၆၅ စောင်ကို လက်ခံရရှိခဲ့သည်။[12]လွန်ခဲ့သော နှစ် ပေါင်း ၂၀ အတွင်း မြေဧကပေါင်း ၁.၉ သန်းခန့်အား ပုဂ္ဂလိက ကုမ္ပဏီ များသို့ တရားမဝင် လွှဲပြောင်းပေးခဲ့ပြီး ၇၀ ရာခိုင်နှုန်းမှာ အသုံးပြုမှု မရှိသည့်အပြင် မူလပိုင်ရှင်များမှ ထိုမြေများပေါ်တွင် ဆက်လက် လုပ်ကိုင်နေဆဲဖြစ်ကြောင်း The Center for Strategic International Studies မှ တင်ပြခဲ့သည်။[13] ထိုကဲ့သို့ တရားမဝင် လွှဲပြောင်းပေးသော မြေပေါ်တွင် မူလနေထိုင်နေသူများအနေနှင့် မြေယာပိုင်ဆိုင်ခွင့်အတွက် အာမခံ ချက်မရှိသည့်အပြင် လုပ်ထုံးလုပ်နည်းများနှင့်အညီကာကွယ်မှု ပေးထားခြင်းမရှိသည့်အတွက် ထိုမြေယာများပေါ်မှနှင်ထုတ်ခြင်း ခံရနိုင်သည်။

အပြည်ပြည်ဆိုင်ရာ အကျိုးမြတ်မယူသော သဘာဝပတ်ဝန်းကျင် အဖွဲ့ ဖြစ်သည့် Forest Trends မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလနှင့် ဇူလိုင်လ အ တွင်း၌ပင် မြန်မာအစိုးရမှ မြန်မာ ကုမ္ပဏီ အများစုသို့ စိုက်ပျိုးမြေ ဧက ပေါင်း ၅.၂ သန်းကို ပေးခဲ့ကြောင်း တင်ပြခဲ့သည်။[14] သဘာဝသယံဇာတ ကြွယ်ဝသည့် တိုင်းရင်းသား ဒေသများမှ တိုက်ပွဲများ ဖြစ်လေ့ရှိသော ထိန်းသိမ်းသစ်တော ဧရိယာများသည် အစိုးရမှ ပိုမို ကျယ်ပြန့်သော ထိန်းချုပ်နယ်မြေရရှိရန်နှင့် သဘာဝ သယံဇာတများ ရယူရန် ကြိုးပမ်း နေသော နေရာများ ဖြစ်သည်ဟု လည်း ထိုအစီရင်ခံစာတွင် ဖော်ပြထား သည်။[15]ယခင် လူ့အခွင့်အရေး ဆိုင်ရာ ဆရာဝန်များအဖွဲ့ (PHR) ၏ အစီရင်ခံစာတွင် ဖော်ပြထား သည်မှာ အစိုးရသစ် အာဏာ ရရှိခဲ့သော ၂၀၁၁ ခုနှစ်မှ စ၍ ခန့်မှန်းခြေ လူပေါင်း ၁၀၀၀၀၀ ခန့်သည် တိုက်ပွဲနှင့် သက်ဆိုင်မှုမရှိသော မြေ သိမ်းမှုများကြောင့် ၎င်းတို့၏ မြေယာများကို ဆုံးရှုံးခဲ့ရပြီး အချို့မှာမူ ၎င်းတို့ပိုင် မြေယာများမှ အဓမ္မ ရွှေ့ပြောင်းခံ ကြရသည်။ ထိုသူများထံမှ သိမ်းယူထားသော မြေယာများမှာ ဧက ပေါင်း ၆၁၃၅၅၈ ဧကဖြစ် သည်။[16]

### မြေယာ အသုံးပြုမှု ဥပဒေများမှ မမျှတသော မြေသိမ်းမှုများကို ဖြစ်ပေါ်စေနိုင်ခြင်း

မြန်မာနိုင်ငံ၏ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေသည် မြေယာ ပိုင်ဆိုင်မှုပုံစံစာရွက်များကို အခြေတည်၍ မြေဝယ်ရောင်းမှုများ ပြုလုပ်နိုင်သော ဈေးကွက်စနစ်တစ်ခုကို ဖန်တီးပေးထားသည်။ သို့သော် မြန်မာနိုင်ငံရှိ လူအများစုတွင် မြေပိုင်ဆိုင်မှု မှတ်တမ်းများ မရှိပါ။ ၎င်းတို့၏ ကိုယ်ပိုင် မြေများတွင် ဆယ်စုနှစ်ပေါင်းများစွာ နေထိုင် အသုံးပြုခဲ့ကြသော မြေရှင် များသည်ပင် ပိုင်ဆိုင်မှု အထောက်အထား မရှိကြပေ။ ယခင် ဗြိတိသျှ စနစ်ဟောင်းမှ ဆင်းသက်လာသော လက်ရှိမြန်မာနိုင်ငံ၏မြေယာမှတ်ပုံ တင်ခြင်း စနစ်သည် စနစ်ကျခြင်း မရှိသည့်အပြင် မြေယာပိုင်ဆိုင်မှုများ အား သေချာစွာ မှတ်တမ်းတင်ထိန်းသိမ်း ထားနိုင်ခြင်းလည်း မရှိပေ။ လယ်ယာမြေ ဥပဒေသည် စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန အား မြေသိမ်းမှုများကို စီမံခန့်ခွဲရန်အတွက် တရားရုံးများ၏ လုပ်ပိုင်ခွင့် အထက်တွင် မထိန်းချုပ်နိုင်သော အာဏာ များ ပေးထားလျက်ရှိသည်။ ၂၀၁၂ ခုနှစ် မြေလွတ် မြေလပ် နှင့်မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေအရအစိုးရ သည် လူထု၏ မြေယာများကို ရင်းနှီးမြှုပ်နှံ သူများထံသို့ လွှဲပြောင်းပိုင် ခွင့်ရှိသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအပါအဝင် ဤဥပဒေ များသည် မြေသိမ်းခံ ပြည်သူများအတွက်

ပြန်လည် ဖြည့်ဆည်းပေးရန် အခွင့်အလမ်းများ ဖွင့်ပေးထားသော်လည်း အဂတိ လိုက်စားမှုများနှင့် ဥပဒေအား ထိရောက်စွာ လေးစားလိုက်နာမှု အားနည်းခြင်းများက ဤ အခွင့်အလမ်းများအား အကောင်အထည်ဖော်မှုကို တားဆီး ပိတ်ပင် ထားလျက်ရှိသည်။[17]

လက်ရှိတွင် မှုကြမ်းအနေနှင့်သာ ရှိနေသေးသော အမျိုးသား မြေအသုံး ချမှု မူဝါဒသည် မြေယာအသုံးပြုမှု၊ ပိုင်ဆိုင်မှု နှင့် လွှဲပြောင်းပေး မှုများနှင့် ဆိုင်သည့် ကိစ္စရပ်များကို ဖြေရှင်းရန်အတွက် အမှန်တကယ်လိုအပ်နေ သော စနစ်တစ်ခုအား ဖန်တီးပေးရန် အလားအလာရှိသော်လည်း တစ် ဖက်တွင်မူ ထိုမူဝါဒသည် ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက် မှုများအတွက် လယ်ပိုင်ရှင်များနှင့် အခြားမြေပိုင်ရှင်များအား ၎င်းတို့၏ မြေယာများကို ဆုံးရှုံးစေနိုင်သည့် အချက်များပါသော မြေယာဥပဒေ တစ်ရပ်ကို ရေးဆွဲစေရန် အတွက်လည်း အလားအလာရှိနိုင်သည်။ အမျိုးသား မြေအသုံးချမှု မူဝါဒရေးဆွဲသည့် ဖြစ်စဉ်တွင် လူမှုအဖွဲ့ အစည်းများနှင့် လုံလောက်သော ဆွေးနွေးညှိနှိုင်းမှုများ မရှိခြင်းအတွက် ဝေဖန်မှုများ ခံရပြီး အကယ်၍ ထိုကဲ့သို့လုံလောက်သောဆွေးနွေးညှိနှိုင်း မှုများ ပြုလုပ်ခဲ့ပါက တရားဥပဒေမဲ့ မြေသိမ်းမှုများအား ဖြစ်ပေါ်စေသည့် ဟာကွက်များကို ဖြည့်စွက်ပေးနိုင်မည်ဖြစ်သည်။ ဤကဲ့သို့ မှုကြမ်းရေး ဆွဲနေသည့် အချိန်တွင်လည်း မြေသိမ်းမှုများမှာ ပမာဏလျော့နည်းခြင်း မရှိပဲ ဆက်လက် ဖြစ်ပွားလျက်ရှိသည်။[18]

## အစိုးရ၏ ခြိမ်းခြောက် ဖိအားပေးမှုများဖြင့် ဖြစ်ပေါ်နေသော မြေသိမ်းမှုများ

၂၀၁၁ ခုနှစ်တွင် ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့သော်လည်း စစ်တပ်၏ ဆယ်စုနှစ်ပေါင်းများစွာ ဖိနှိပ်အုပ်ချုပ်မှုများကြောင့် ကြောက်ရွံ့စိတ်များ ယနေ့တိုင် လွှမ်းမိုးလျက် ရှိဆဲဖြစ်ပြီး မြေသိမ်းမှုများအား ဆက်လက်ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံရှိ ပြည်သူအများစုမှာ ၎င်းတို့၏ စိတ်ဆန္ဒအရမဟုတ်ပဲအစိုးရ၏ လုပ်ဆောင်မှုများကို ကြောက်ရွံ့နေမှုကြောင့်သာ လက်ခံကြခြင်းဖြစ်သည်။ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲမှု ပုံရိပ်သည် နိုင်ငံတကာအရှေ့တွင် အလွန်ကောင်းမွန်သော်လည်း နိုင်ငံထဲတွင် နေထိုင်လျက်ရှိသော လူအများစုမှာမူ ပြောင်းလဲမှု အနည်းငယ်သာ ရှိသကဲ့သို့ ခံစားကြရသည်။ ဥပဒေမဲ့မြေသိမ်းမှုများ တိုးမြှင့်လာသည်နှင့်အညီ အဓမ္မ ရွှေ့ပြောင်းစေမှုများ တိုးမြှင့်လာမှုကြောင့် မြေသိမ်းမှုများနှင့် ပတ်သက်၍ ဆန္ဒပြခြင်းများဖြစ်ပေါ်ပြီး လူတစ်ဦးချင်းစီနှင့် အဖွဲ့လိုက် စုပေါင်း ဆန္ဒပြမှုများအား အကြမ်းဖက်ဖြိုခွဲခြင်းများ အပါအဝင် အစိုးရ၏ လက်အောက်တွင် ဖြစ်ပေါ်သော ခြိမ်းခြောက် ဖိအားပေးမှုအရေအတွက်သည်လည်း ပိုမို များပြားလာခဲ့သည်။[19] လက်ပံတောင်း ကြေးနီသတ္တုတွင်းတွင် ဖြစ်ပွားခဲ့သော သံဃာများအား နံပါတ်တုတ်များ အသုံးပြု၍ ရိုက်နှက်ခြင်းနှင့် ဆန္ဒပြပြည်သူများအား ပစ်ခတ်ခြင်းများကဲ့သို့သော ရဲများ၏ အကြမ်းဖက်မှုများသည် အစိုးရအပေါ် ပြည်သူလူထု၏ ယုံကြည်မှုကို ပိုမို ပျက်ပြားစေသည်။ တနင်္သာရီ တိုင်းဒေသကြီးတွင် မြေသိမ်းမှုအပေါ် ဆန္ဒပြပြီးနောက် ထားဝယ်အမျိုးသမီး သမဂ္ဂ[20]၏ တင်ပြချက်အရ အကယ်၍ ဆန္ဒပြမှု ဆက်လက်ဖြစ်ပေါ်နေပါက ၎င်းအနေနှင့် လူတစ်ဦးအား ငှါးရမ်းကာ ထိုအဖွဲ့၏ ခေါင်းဆောင်အား လိင်ပိုင်းဆိုင်ရာ စော်ကားမှုပြုစေမည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်မှ ခြိမ်းခြောက်ခဲ့သည်။[21] မြန်မာ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ အပါအဝင် လက်နက်ကိုင်တပ်ဖွဲ့များသည် ရွာသားများ မြေပေါ်မှ ထွက်ခွါစေရန်အတွက် ခြိမ်းခြောက်မှုများ သုံးလေ့ရှိပြီး အချို့သောကိစ္စရပ်များတွင် ရွာသားများမှ ထိုသူတို့၏ သတိပေးမှုအပေါ် လျစ်လျူရှုပြီး ၎င်းတို့ပိုင်မြေများကို ကာကွယ်သောအခါ အသက်ဆုံးရှုံးမှုများပါ ကြုံတွေ့ရကြောင်း၂၀၁၅ခုနှစ်တွင် ကရင်လူ့အခွင့်အရေးအဖွဲ့မှ တင်ပြခဲ့သည်။[22] အစိုးရသို့မဟုတ် ကုမ္ပဏီများအား မြေသိမ်းမှုအတွက် တရားစွဲဆိုခဲ့သူများသည် တစ်ပါးသူ၏ မြေပေါ် ကျူးကျော်ဝင်ရောက်မှုသို့မဟုတ် ဥပဒေချိုးဖောက်မှုအတွက် တရားစွဲဆိုခံရခြင်း အမြဲ ကြုံတွေ့ကြရသည်။ ထူးခြားသော ဖြစ်စဉ်တစ်ခုတွင် မိမိ မြေသိမ်းယူမှုအတွက်ကာကွယ်ရန် မိမိကိုယ်ကို မီးရှို့ ဆန္ဒပြခဲ့သူ ပြည်သူတစ်ဦး၏ မိသားစုဝင်များအား မြန်မာအစိုးရမှနေ၍ ကျူးကျော်မှုနှင့် ဒဏ်ငွေ ကောက်ခံခဲ့သည်။[23] အခြားသော ဖြစ်ရပ်တစ်ခုတွင်မူ လယ်သမား သမဂ္ဂခေါင်းဆောင် တစ်ဖြစ်လဲ မြေယာအရေး လှုပ်ရှားသူတစ်ဦးသည် ကျူးကျော်ဝင် ရောက်မှုနှင့် ဖမ်းဆီးခံခဲ့ရသည်။[24] နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းနှင့် မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများမှ ပူးပေါင်း ထုတ်ပြန်ခဲ့သော ၂၀၁၅ ခုနှစ် အစီရင်ခံစာတွင် မြေယာအရေး တက်ကြွလှုပ်ရှားသူများနှင့်လယ်သမားများအဆက်မပြတ်တွေ့ကြုံခံစားရလေ့ရှိသော အကြမ်းဖက်မှုနှင့် ညှင်းပမ်းနှိပ်စက်မှုများကို ဖော်ပြထားသည်။ မြေယာအရေး တက်ကြွလှုပ်ရှားသူများ၏ အဖမ်းခံရမှုသည် ပိုမိုများပြားလာသည်ဟု နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ တင်ပြထားသည်။ ရရှိထားသောအချက်အလက်များအရ မြန်မာနိုင်ငံတွင် လက်ရှိ အကျဉ်းထောင်တွင် ရှိနေသော နိုင်ငံရေး

အကျဉ်းသား ၁၁၅ ယောက်တွင် ၅၈ ယောက်မှာ မြေသိမ်းမှုအရေး ဆောင်ရွက်မှုကြောင့် အဖမ်းခံရခြင်းဖြစ်ပြီး မြေယာအရေး လှုပ်ရှားသူ ၈၆ယောက်နှင့် လယ်သမား ၉၆၁ ယောက်မှာ တရားစွဲခံထားရပြီး အမှုစစ်ဆေးခံနေရသည်။[25]ရွာသားများအား ဖမ်းဆီးရန်အတွက် တင်ထားသော စွဲချက်များမှာ နိုင်ငံရေး အကျဉ်းသားများအား စွဲဆိုခဲ့သော စွဲချက်များဖြစ်သည်။ ကျူးကျော်များအတွက် စွဲဆိုသော ပုဒ်မ ၄၄၇၊ နိုင်ငံတော် ပုန်ကန်မှု အတွက် စွဲဆိုသော ပုဒ်မ ၅၀၅၊ သဘာဝ ပတ်ဝန်းကျင်ကို ဖျက်စီးသော ပုဒ်မ ၄၂၇ နှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းတို့အတွက် ပုဒ်မ ၁၈ စသည်တို့ကို အသုံးပြု၍ သိမ်းထားသော မြေများပေါ်တွင် ဆက်လက် ထွန်ယက် အသုံးပြုနေသော လယ်သမားများ သို့မဟုတ် ထွန်တုံးတိုက်ပွဲဝင်သော လယ်သမားများအား[26] တရားစွဲဆိုမှု ပြုလုပ်လေ့ရှိသည်။ ဦးဆောင်ဦးရွက်ပြုနေသော တက်ကြွလှုပ်ရှားသူ များစွာ တို့အား ဖျက်စီးရန်အတွက် ပစ်မှတ်ထားမှုများကြောင့် များစွာသော တက်ကြွလှုပ်ရှားသူများမှာ ကြိမ်ဖန်များစွာ ဖမ်းဆီးခံခဲ့ရသည်။ ဥပမာ အားဖြင့် မြေယာအရေး တက်ကြွ လှုပ်ရှားသူ ဦးအောင်စိုးသည် ၎င်း၏ ဆန္ဒပြမှုအတွက် စွဲချက်များစွာအောက်တွင် ခြောက်နှစ်တိုင် အကျဉ်းချ ခံရသည်။ မြေယာအရေး တက်ကြွလှုပ်ရှားသူ ကချင် အမျိုးသမီး ဒေါ်ဘောက်ဂျာသည် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် အနှောင့်ယှက် ပေးခြင်း ခံရပြီး သူမ၏ အစိုးရအား ပွင့်လင်းစွာ ပြစ်တင် ထောက်ပြ ပြောဆိုခြင်းများနှင့် မြေယာအရေး တက်ကြွလှုပ်ရှားမှုများကြောင့် မှားယွင်းသော စွဲချက်များစွာနှင့် တရားစွဲခံခဲ့ရသည်။ အခြား ဖြစ်ရပ် တစ်ခုမှာ ၂၀၁၄ခုနှစ် လက်ပံတောင်းကြေးနီစီမံကိန်းအတွက် ဆန့်ကျင် ရာတွင် ရဲများ၏ ပစ်ခတ်မှုကြောင့် အသက်သေဆုံးခဲ့သော ဒေါ်ခင်ဝင်း အတွက် ဆန္ဒပြခဲ့မှုကြောင့် ဒေါ်နော်အုန်းလှသည်လည်း အင်းစိန် ထောင်တွင် လေးလ အကျဉ်းချ ခံနေရသည်။ ဤကဲ့သို့ အနှောင့် အယှက်ပေးမှုနှင့် အကျဉ်းချ ထောင်သွင်းမှုများသည် အထူးသဖြင့် မြေသိမ်းမှု ဖြစ်ပွားလျက်ရှိသော ကျေးလက်ရှိ တိုင်းရင်းသား ဒေသ များတွင် အဖြစ်များလေ့ရှိသည်။[27]ဤကဲ့သို့ ကြောက်ရွံ့မှုများနှင့် ခြိမ်း ခြောက်ဖိအားပေးမှုများသည် မြေသိမ်းမှုများ အတားအဆီးမရှိ ဆက် လျက်ဖြစ်ပေါ်နေစေရန် အခွင့်ပေးနေသကဲ့သို့ ဖြစ်သည့်အပြင် မတရား မှုများ ခံစားလာရသောအခါ ထိုအရာအတွက် ထုတ်ဖော်ပြောဆိုရန် အခွင့်ကို ပိတ်ပင်ထားသကဲ့သို့ဖြစ်သည်။

အစိုးရသည် လူသားများ၏ အခွင့်အရေးများကို လေးစားရန်ဟူသည့် ၎င်းတို့ ပေးအပ်ထားသော ဂတိများ အပါအဝင် တရားဥပဒေ စိုးမိုးမှုကို ရရှိလာရန်အတွက် ကြိုးပမ်းမှုမှာ အလွန်နည်းနေသေးသည်။ ထို့ကြောင့် အစိုးရအနေနှင့် ပြောင်းလဲမှုကို အမှန်တကယ် စိတ်ပါဝင်စားမှုရှိကြောင်း ပြသရန်နှင့် လူထုအနေနှင့် အစိုးရအပေါ် ယုံကြည်မှု တိုးပွားလာစေရန်အတွက် အလွန်ပင်လိုအပ် နေသေးသည်။[28] ဤကဲ့သို့လုပ်ဆောင်မှုများ မရှိသည့်အတွက် မြန်မာနိုင်ငံအတွင်း နေထိုင်သူများမှာ အစိုးရအား ဆက်လက် ကြောက်ရွံ့နေကြပြီး မြေသိမ်းမှုကို ဆန့်ကျင်ရန်အတွက် တွန့်ဆုတ် နေကြသည်။ ထို့ကြောင့် အများစုမှာ မြေသိမ်းမှုကို ဆန့်ကျင် တွန်းလှန်ရန် ကြိုးပမ်းမှုမရှိတော့ပဲ မိမိပိုင်မြေကိုစွန့်ကာ ၎င်းတို့၏ နေအိမ်၊ သီးနှံများနှင့် နေရာ ရွှေ့ပြောင်းရန်အတွက် အထောက်အပံ့ အနည်းငယ်အဖြစ် ပေးအပ်သောအင်မတန်နည်းပါးသည့် လျော်ကြေး ငွေကိုသာ လက်ခံခဲ့ကြသည်။[29] ဥပမာအားဖြင့် သီလဝါ အထူး စက်မှုဇုံ ကြောင့် အဓမ္မ ရွှေ့ပြောင်းခံခဲ့ရသော အိမ်ထောင်စုများအား ကောက်ခံခဲ့ သည့် စစ်တမ်းတွင် လူ့အခွင့်အရေးဆိုင်ရာ ဆရာဂုန်များ အဖွဲ့ မှ တွေ့ရှိ ချက်အရ အိမ်ထောင်စု ၉၃ ရာခိုင်နှုန်းမှ ရွှေ့ပြောင်းရန် သဘောတူခဲ့ ခြင်းမှာ ၎င်းတို့အနေနှင့် ငြင်းဆန်ခဲ့ပါက အစိုးရမှ တစ်စုံ တစ်ခု ပြုလုပ် မည်ကို ကြောက်လန့် စိုးရွံ့သောကြောင့်ဖြစ်သည်။[30] သီလဝါမှ ရွှေ့ပြောင်း နေရသူများက လူ့အခွင့်အရေးဆိုင်ရာ ဆရာဂုန်များအဖွဲ့အား ပြောပြခဲ့သည်မှာ ၎င်းတို့အနေနှင့် အခြား ရွှေ့ပြောင်းမှုများနှင့်ပါတ်သက် ၍ သတင်းစာများတွင်ဖတ်ရှုဖူးသော ကြောင့် အစိုးရအနေနှင့်၎င်းတို့အား ထိုမြေပေါ်မှ လွယ်လင့်တကူ မောင်းထုတ်နိုင်မည်ဟုယုံကြည်ကာအရာ အားလုံးကို ဆုံးရှုံးခံမည့်အ စား နိုင်ငံတော်မှပေးအပ်သည့် လုံ လောက်မှု မရှိသော လျော်ကြေး ငွေအနည်းငယ်ကို လက်ခံ၍ ရွှေ့ပြောင်းခြင်းက ပိုမိုကောင်းမည် ဟုခံစားရသောကြောင့်ရွှေ့ပြောင်းခဲ့ခြင်းဖြစ်သည်။[31]

## မြေသိမ်း၍ ရွှေ့ပြောင်းနေထိုင်စေခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာ လမ်းညွှန်ချက်များ

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း၊ စီးပွားရေး၊ လူမှုရေးနှင့် ယဥ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ အပြည်ပြည် ဆိုင်ရာ သဘောတူ စာချုပ်၊ ကလေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ နိုင်ငံတကာ လူမျိုးရေး ခွဲခြားဆက်ဆံမှုအား ပယ်ရှား ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် ကဲ့သို့သော နိုင်ငံတကာ ဥပဒေ လမ်းညွှန်ချက် အခြေခံ စည်းမျဉ်း

အများစုတွင် အဓမ္မမြေသိမ်းမှု နေရပ်ရွှေပြောင်းစေမှုများအား ရှောင်ကျဉ်ရန်နှင့်ကာကွယ်မှုပေးရန် နိုင်ငံတော်မှ ဝတ္တရားများ ရှိကြောင်း ပါဝင်သည်။[32] မြန်မာနိုင်ငံတော်အစိုးရသည် ကလေး အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်တို့အား အသိအမှတ်ပြုလိုက်နာရန် လက်မှတ်ထိုးပြီး ဖြစ်သောကြောင့် အစိုးရတွင် လိုက်နာရန်အတွက် ဝတ္တရား ရှိသည်။ မြေသိမ်းမှု၊ ရွှေ့ပြောင်း နေထိုင်စေမှု နှင့် ပတ်သက်၍ နိုင်ငံတကာမှ အသိအမှတ်ပြုထားသော တရားဝင် မူဘောင်နှစ်ခုမှာ ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများအတွက် အခြေခံလမ်းညွှန်ချက် စည်းမျဉ်း စည်းကမ်းများ နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ကြောင့် နေရပ်မှ ရွှေ့ပြောင်းနေထိုင်စေသူများအတွက် အခြေခံလုပ်ထုံးလုပ်နည်း များနှင့် လမ်းညွှန်ချက်များတို့ဖြစ်သည်။[33] ဤမူဘောင်များအရ နိုင်ငံ တကာလူ့အခွင့်အရေး ဥပဒေများအား လိုက်နာပြီး ဖြစ်သင့်ဖြစ်ထိုက် သော အခြေအနေတွင် ပြည့်စုံလုံလောက်သော လျော်ကြေးနှစ်နာ ကြေးငွေပေးချေကာ ထိုလမ်းညွှန်ချက်များအား လိုက်နာပါက "ခြွင်းချက်အခြေအနေများ" တွင် ရွှေ့ပြောင်း နေထိုင်စေမှုများ ဖြစ်စေ နိုင်သည်။ ဤလမ်းညွှန်ချက်များနှင့် မူဘောင်များသည် တစ်စုံတစ်ဦးမှ ၎င်းတို့၏ နေအိမ်များ၊ ပိုင်ဆိုင်မှုများအတွက် ပိုင်ဆိုင်မှု ပုံစံ အထောက် အထား ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အကျုံးဝင်သည်။ ရွှေ့ပြောင်း နေထိုင်ခြင်း မပြုမီ ထိခိုက်ခံစားရမည့်သူများ အနေနှင့် သင့်လျော် သည့် ကြိုတင် အသိပေးစာများ ရရှိရန်၊ ပြည်သူများမှ ပြန်လှန် သုံးသပ်ရန် အတွက် ကြောင်းကျိုးလျော်ညီသည့် အချိန် အတိုင်းအတာတစ်ခုရရှိရန်၊ ပြောင်းရွှေ့နေထိုင်မှုကို ငြင်းဆန်မည့် အခွင့်အရေးရရှိရန်နှင့် ပြောင်းရွှေ့ နေထိုင်ရမည့်အစား အခြား အခွင့်အလမ်းများကိုလည်း သိရှိနိုင်စေရန် နိုင်ငံတော်မှ ဆောင်ရွက်ပေးရမည်။ ရွှေ့ပြောင်းနေထိုင်စေမှုအတွက် အခြား ဖြစ်နိုင်ချေရှိသော ကွဲပြားနည်းလမ်း အားလုံးကို ဖော်ပြပေးရန်၊ မြေသိမ်းမှုမှာ မဖြစ်မနေ လိုအပ်၍သာ ရွှေ့ပြောင်းနေထိုင် စေခြင်း ဖြစ်ကြောင်းနှင့် ဤကဲ့သို့ နေရပ်မှ ဖယ်ရှားခြင်းများ ပြုလုပ်မှု ကြောင့် တစ်စုံတစ်ဦးမှ လူ့အခွင့်အရေး ချိုးဖောက်မှု မခံရစေရန် အတွက် သေချာစွာဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နိုင်ငံတော်အနေ နှင့် ဖော်ပြပေးရမည်ဖြစ်သည်။ နေရပ်မှ ဖယ်ရှားခြင်း ပြုလုပ်နေချိန် တွင် အစိုးရ အာဏာပိုင်များ ပါဝင်ရမည်ဖြစ်ပြီး စောင့်ကြည့်လေ့လာသူများ ကိုလည်း ခွင့်ပြုထားရမည်ဖြစ်သည်။ အင်အား အသုံးပြုခဲ့ပါက လိုအပ် သလောက်သာ အချိုးအစား မျှစွာ အသုံးပြုရမည်ဖြစ်ပြီး မည်သူ တစ်ဦး တစ်ယောက်မျှ၎င်းတို့၏ ပိုင်ဆိုင်ရာနေရာမှအကြမ်းဖက်၍အဓမ္မဆန်စွာ ဖယ်ရှင်းခံရခြင်းများ မရှိစေရန် ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားရ မည်ဖြစ်သည်။ မြေသိမ်းမှု ပြုလုပ်ပြီးပါက အစိုးရနှင့် အခြား တာဝန်ရှိ သော အဖွဲ့အစည်းများ အနေနှင့် သင့်လျော်သော လျော်ကြေးများအား အချိန်မှီ ပေးချေရမည်ဖြစ်ပြီး လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု ရရှိနိုင်သည့် နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် စံချိန်စံနှုန်းနှင့် ညီသော နေရာထိုင်ခင်းများကို စီမံပေးရမည်ဖြစ်သည်။

အခြေခံ လမ်းညွှန်ချက် စည်းမျဉ်းများ၊ အခြေခံ လုပ်ထုံးလုပ်နည်းများ နှင့် လမ်းညွှန်ချက်များအရ မြန်မာနိုင်ငံတော် အစိုးရ အနေနှင့် အောက်ပါ အချက်များကို တာဝန်ယူရမည်ဖြစ်သည်။

- နေရပ်မှဖယ်ရှားခြင်း မပြုမီ ပြည့်စုံသောပြန်လည်နေရာ ချထားမှု အစီအစဉ်အား ကြိုတင် ကြေငြာချက် ထုတ်ပြန်ထားရမည်။
- နေရပ်မှဖယ်ရှားခံရမည့်သူများအား ဥပဒေကြောင်းဆိုင်ရာ၊ အတတ် ပညာပိုင်းဆိုင်ရာနှင့် အခြား လိုအပ်သော အကြံဉာဏ် များ ပံ့ပိုးပေးရမည်ဖြစ်သည်။
- နေရပ်မှ ဖယ်ရှားခံရမည့်သူများအား ငြင်းဆန်ရန်အတွက် အခွင့် အရေး ပေးရမည်။
- ဤကဲ့သို့ နေရပ်မှ ဖယ်ရှားခြင်းသည် မဖြစ်မနေလုပ်ဆောင်ရန်လို အပ်နေပြီး နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့် အညီ အထွေထွေဖူလုံမှုအတွက်ကာကွယ်ပေးထားသည်ကိုဖော်ပြရမည် ။
- လူတစ်ဦးတစ်ယောက်ဆီတိုင်း အိမ်မဲ့ယာမဲ့ မဖြစ်စေရန်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ခံစားရခြင်း မရှိစေရန် အတွက် အာမခံချက် ပေးထားရမည်။
- ပြန်လည်နေရာချထားရေးအတွက် အထောက်အပံ့မရရှိနိုင်သည့် အခြေအနေသို့ ရောက်ရှိပါကထိုသူ၏ စီးပွားရေးဆိုင်ရာပျက်စီး ဆုံးရှုံးမှုအခြေအနေအား သိရှိရန်နှင့် ပြန်လည် ဖြည့်တင်းပေးရန် အတွက် သေချာစွာ လုပ်ဆောင်ပေးရမည်ဖြစ်သည်။

သေချာ စိတ်ချရသော စံနှုန်းများအား လိုက်နာမှု ရှိပါက ပြည်သူများ အနေနှင့် နိုင်ငံတကာ ဥပဒေများ၊ နိုင်ငံတကာ လူ့အခွင့်အရေး စံချိန် စံနှုန်းများနှင့်အညီ ရွှေ့ပြောင်းနေထိုင်နိုင်ရှိသည်။ နိုင်ငံတော်အနေနှင့် တစ်စုံတစ်ဦး ပိုင်ဆိုင်သောအရာကိုအများပြည်သူ အကျိုးငှာ နိုင်ငံ တော် ၏ အမြင့်ဆုံး အခွင့်အာဏာကို အသုံးပြု၍ ပြည်သူများကို

ငင်းတို့ပိုင် အိမ်ယာသို့မဟုတ် မြေပေါ်မှ နှင်ထုတ်နိုင်သည့် အာဏာရှိသည်။ သို့သော် ဤအာဏာကို နိုင်ငံတော်၏ အခြား စည်းမျဉ်းဥပဒေများမှ ထိန်းချုပ်ထားသည်။ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့် အရေးသဘောတူညီချက်၏ ပုဒ်မ ၁၇တွင် အခြား အကာအကွယ်ပေးမှု များ အပါအဝင် တစ်စုံတစ်ဦး၏ အိမ်ကို တရားမဝင် အဓမ္မ ဝင်ရောက် စီးနင်းခြင်းအား တားမြစ်ထား ခြင်းကြောင့် တစ်ဦးတစ်ယောက်ဆီတိုင်း အား နေရပ်မှ အဓမ္မ ဖယ်ရှားခံရခြင်းမှ ကာကွယ်မှု ပေးထားပါသည်။ နေရပ်မှ အဓမ္မ ဖယ်ရှားခြင်း ဆိုသည်မှာ လူများအား ၎င်းတို့၏ နေအိမ် သို့မဟုတ် မြေယာများပေါ်မှ အင်အား၊ အကျပ်ကိုင်မှု သို့မဟုတ် ခြိမ်း ခြောက်မှုများ အသုံးပြု၍ ၎င်းတို့ စိတ်ဆန္ဒမပါပဲ ဖယ်ရှားစေခြင်းဖြစ် သည်။ ထိုကဲ့သို့လုပ်ဆောင်မှုများတွင် နိုင်ငံတော်မှ တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ ပါဝင်ပတ်သက်နေမှုရှိသည်။ ထိုကဲ့သို့ဖယ်ရှားမှုများ သို့မဟုတ် နေရာရွှေ့ပြောင်းစေမှုများအား လူ့အခွင့်အရေး စံနှုန်းများနှင့် ညီညွတ်စေရန် ထိုသူများအနေနှင့် အနည်းဆုံး အောက်ပါအချက်အ လက်များကို လိုက်နာ ကျင့်သုံးရမည်ဖြစ်သည်။[34]

- ရွှေ့ပြောင်းနေထိုင်စေမှုများအား ရှောင်ရှားရမည်ဖြစ်ပြီး မရှောင် နိုင်သည့် အခြေအနေဖြစ်ခဲ့ပါက နည်းနိုင်သမျှ အနည်းဆုံး ဖြစ်လာရေး အစွမ်းကုန် လုပ်ဆောင်ရန် လိုအပ်သည်။
- ရွှေ့ပြောင်းခံသူများအနေနှင့် ရွှေ့ပြောင်းနေထိုင်ခြင်း မပြုလုပ်မီ လက်ရှိအခြေအနေထက် ဆိုးရွားမှုမရှိစေရန်နှင့် မြေသိမ်းခံ ပြည်သူ များအနေနှင့် မျှတသည့် လျော်ကြေးကို လက်ခံ ရရှိနိုင်ရန်အတွက် ပြန်လည်နေရာချထားပေးမှုများတွင်လုံလောက်သည့်အရင်းအမြစ် များစီမံပေးထားရမည်ဖြစ်သည်။ထို့ပြင်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်မှလည် း ရေရှည်တည်တံ့ခိုင်မြဲမည့် အကျိုးမြတ်ကို ခံစားခွင့်ရသင့်သည်။
- ရွှေ့ပြောင်းခံရမည့်သူများသည် ပြန်လည်နေရာချထားရေးအတွက် အစီအစဉ်ရေးဆွဲရာတွင်လည်းကောင်း၊ စီမံခန့်ခွဲရာတွင်လည်း ကောင်း အပြည့်အဝ ပါဝင်သင့်သည်။
- ရွှေ့ပြောင်းနေထိုင်သူများ၏အဓိကဝင်ငွေအခွင့်အလမ်းတစ်ရပ်ဖြစ် သည့် ၎င်းတို့ပိုင်ဆိုင်သည့် မြေယာများကို ဆုံးရှုံးခဲ့သူများအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သော လူမှုစီးပွားရေး ပြန်လည် ထူထောင် ရေး၊ စားနပ်ရိက္ခာ ဖူလုံရေး အပါအဝင် ရွှေ့ပြောင်းနေထိုင် ရေး အတွက် ကုန်ကျစရိတ်အားလုံးကိုရွှေ့ပြောင်းနေထိုင်မှုအား ဖြစ်ပေါ်စေခဲ့ သောဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှ အကျိုးအမြတ်ရ သူများ မှ အပြည့်အဝ ပေးချေရမည်ဖြစ်သည်။
- ရွှေ့ပြောင်းနေထိုင်ရသူများအနေနှင့် (ဥပမာ ရွှေ့ပြောင်းနေထိုင် ခြင်းမှာ တစ်ခုတည်းသော ရွေးချယ်စရာ မဖြစ်သင့်သည့်) အခြေအနေ သို့မဟုတ် လုပ်ငန်းစဉ်ကို ငြင်းဆိုနိုင်မည့် ဥပဒေအရ ကျင်းပပေးသော ပွင့်လင်းသည့် ဆွေးနွေးပွဲတစ်ရပ် ရှိသင့်သည်။

## မြန်မာနိုင်ငံရှိ ရေကာတာများသည် ပဋိပက္ခများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြစ်ပေါ်စေသော အကြောင်းရင်းများဖြစ်ခြင်း

ရေအားလျှပ်စစ် စီမံကိန်းများသည် မြန်မာနိုင်ငံတွင် အဓမ္မ ရွှေ့ပြောင်းမှု ကို ဖြစ်ပေါ်စေသော အဓိက အကြောင်းရင်းဖြစ်သည်။ ရေကာတာ တစ်ခုစီ၏ ကြီးမားသော ရေလှောင်ကန်သည် ထောင်ပေါင်းများစွာ သော လူများအား ရွှေ့ပြောင်းမှု ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံရှိ တောင် တန်းဒေသများသည် ရေအားလျှပ်စစ်အတွက် သင့်လျော်ပြီး တရုတ်နှင့် ထိုင်း ကုမ္ပဏီများမှာ ၎င်းတို့ လိုအပ်သောစွမ်းအင်များ အတွက်ထိုနေရာ များတွင် ရေကာတာ ဆောက်လုပ်ရန် ငွေများ ရင်းနှီးထားလျက်ရှိသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ ပိုမို တိုးတက်လာသည်နှင့်အမျှ စက်ရုံအလုပ်ရုံများနှင့် တစ်ဦးချင်းစီ အတွက် စွမ်းအင် လိုအပ်မှုမှာလည်း တိုးပွားလာခဲ့ပြီးအစိုးရအနေနှင့် ရေကာတာများဆက်လက်ဆောက်လုပ်ရန်အစီအစဉ်များ ရေးဆွဲ ထားသည်။ ဗမာ့ မြစ်ချောင်းများ ကွန်ယက် Burma Rivers Network (BRN) မှ ရေကာတာ ၄၃ ခု ထပ်မံဆောက် လုပ်ရန် လျာထားလျက်ရှိပြီး ထိုရေကာတာများကြောင့် ၁သိန်းထက်ပို သော လူများ ရွှေ့ပြောင်းရရန် ရှိကြောင်း တင်ပြထားသည်။[35]

မြန်မာနိုင်ငံရှိရေကာတာများသည်တောင်တန်းဒေသများတွင်ဆောက် လုပ်လေ့ရှိပြီး ထိုဒေသများမှာ တိုင်းရင်းသား လူမျိုးစုငယ်များ နေထိုင် ရာဒေသများဖြစ်ပြီး မြန်မာအစိုးရနှင့် အစိုးရအား ဆန့်ကျင်သည့် အဖွဲ့ များအကြား တင်းမာမှုများ သို့မဟုတ် ပဋိပက္ခများတိုက်ရိုက် ဖြစ်လေ့ ရှိသော နေရာများဖြစ်သည်။ ရေကာတာ ဆောက်လုပ်မှုများတွင် တပ်မတော် အင်အား အလုံးအရင်းနှင့် ပါဝင်လေ့ရှိပြီး အထူးသဖြင့် နိုင်ငံတကာ၏ နေရပ်မှ ဖယ်ရှားခြင်းအတွက် လမ်းညွှန်ချက်များအား လိုက်နာမှု မရှိသည့်အပြင် ငြိမ်းချမ်းရေးအတွက် စာချုပ်များမှာလည်း ရေးထိုးခြင်း မရှိသေးသော အခြေအနေတွင် ထိုကဲ့သို့ တပ်မတော်မှ

ပါဝင်နေခြင်းသည် အကြမ်းဖက်မှု ဖြစ်ပွားနိုင်သည့် နေရာများတွင် ပဋိပက္ခကို အစပျိုးနိုင်ခြေ ရှိသည်။ ဥပမာအားဖြင့် ကချင်လွတ်မြောက်ရေးအဖွဲ့မှ ထိန်းချုပ်ထားသော နယ်မြေသည် ကချင်ပြည်နယ်ရှိ တပိုင်ရေကာတာ ရေလှောင်ကန်ကြောင့် ထိုနယ်မြေပိုင်နက် ကွဲသွားရသည့်အပြင် မြန်မာစစ်တပ်များ ထိုနေရာတွင် တိုးပွားလာသည့်အတွက် ၂၀၁၁ ခုနှစ်တွင် ကချင်ပြည်နယ်၌ ပြည်တွင်းစစ်ကို ဖြစ်စေခဲ့သည်။[36] ရှမ်းပြည်နယ်တွင်လည်း ရေကာတာများအနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော တိုက်ပွဲများကြောင့် လူပေါင်း ထောင်ပေါင်းများစွာ ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်ဟုဗမာ့ မြစ်ချောင်းများ ကွန်ယက်ကခန့်မှန်းခဲ့သည်။[37] ထိုနည်းတူစွာ ကရင်ပြည်နယ်တွင်လည်း ဟတ်ကြီးရေကာတာ အနီးတဝိုက်တွင် စစ်တပ်အင်အား ပိုမို တိုးပွားလာမှုကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများပိုမို များပြားလာသည်ဟု ကရင်မြစ်ချောင်းများစောင့်ကြည့်ရေးအဖွဲ့မှ အစီရင်ခံ တင်ပြခဲ့သည်။[38]

## ပေါင်းလောင်း ရေကာတာ

အထက် ပေါင်းလောင်းရေကာတာသည် ရှမ်းပြည်နယ်ရှိ ပေါင်းလောင်းမြစ်ပေါ် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သော နေပြည်တော်နှင့် လွိုင်ကော်မြို့နှစ်မြို့၏ အလယ်တွင် တည်ရှိပြီးထိုရေကာတာသည် ဒေသခံများအား ဆိုးကျိုးဖြစ်ပေါ်စေခဲ့သော ဖွံ့ဖြိုးရေး စီမံကိန်းများထဲမှဥပမာတစ်ခုသာဖြစ်သည်။ ထိုရေကာတာကိုငွေကြေးမတည်ပြီးတည်ဆောက်ကြသူ များမှာ တရုတ်၊ ဆွစ်နှင့် ပြင်သစ်တို့ဖြစ်ကာ[39] ထိုရေကာတာမှ နေပြည်တော်သို့ လျှပ်စစ်ဓါတ်အား ထုတ်လွှတ်ပေးလျက်ရှိသည်။ မြန်မာအစိုးရ မှ ထိုရေကာတာအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တည်ဆောက်မှုများဖြင့် အကောင်အထည်ဖော်လုပ်ဆောင် ခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်စွမ်းအင်ဝန် ကြီးဌာနမှ ထိုလုပ်ငန်းကို ဦးစီးဦးဆောင်ပြုခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာနနှင့် သစ်တောဝန်ကြီးဌာနများမှ ဒေသခံများအား ရေကာတာမှ ဝေးရာသို့ ရောက်ရှိစေရန်အတွက် ရွှေ့ပြောင်းနေထိုင်စေမှုများကို စီမံခဲ့ကြ ခြင်းဖြစ်သည်။

အစိုးရ၏ ဆောက်လုပ်ရေးဝန်ထမ်းများမှ ရေကာတာ ဆောက်လုပ်ခြင်းကို ၂၀၀၆ ခုနှစ်တွင် စတင်ခဲ့ပြီး ထိုအချိန်မှစ၍လုပ်ငန်း ပြီးဆုံးသည့် ၂၀၁၃ ခုနှစ်ထိတိုင် ပေါင်းလောင်းမြစ်ကြောင်းတစ်လျှောက်ရှိ ရွာပေါင်း ၂၃ ရွာမှ လူပေါင်း ၈၀၀၀ မှာ ထိုရေကာတာ ဆောက်လုပ်ခြင်းမှ ရရှိလာသော ရလဒ်တစ်ခုဖြစ်သည့် ရေသိုလှောင်ရာ နေရာကြောင့် ရွှေ့ပြောင်း နေထိုင်ခဲ့ရသည်။ ရေသိုလှောင်ရာနေရာသည် မြေနေရာ ၆၁ စတုရန်း ကီလိုမီတာရှိပြီး သစ်တောများသာမက လယ်ယာမြေဧက ၂၀၀၀ ကိုပါ ရေလွှမ်းသွားခဲ့သည်။

အစိုးရမှနေ၍ ထိုကျေးရွာ ၂၃ ရွာမှ အများစုကို ရေသိုလှောင်ရာ နေရာ၏ အလယ်တည့်တည့် အနီးတွင်ရှိသော လိမ်လီတံတားအနီး ကျယ်ဝန်းသော ပြန်လည်နေရာချထားရာ နေရာသို့ ပို့ဆောင်ခဲ့ပြီး ထိုနေရာအား ကျယ်ဝန်းသည့် အသိုင်းအဝိုင်းတစ်ခုဖြစ်လာစေရန် ကျေးရွာ တစ်ခုစီတိုင်းအား မြေတစ်ကွက်စီ ပေးအပ်ခဲ့သည်။ ဘုန်းကြီးကျောင်းများ၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများနှင့် စာကြည့်တိုက်အသစ်များ ဆောက်လုပ်ရန် အတွက် အစိုးရမှ ငွေကြေး အကုန်အကျခံပေးခြင်း၊ ရွာသားများ နေအိမ်အသစ်များ ဆောက်လုပ်ရန်အတွက် မြေကွက်များ ပေးအပ်ခြင်းနှင့်၎င်းတို့၏လုပ်ဆောင်မှုများအားထောက်ပံ့ရန်အတွက်ငွေကြေးများ ပံ့ပိုးပေးခဲ့သည်။

အစိုးရ၏ထိုကဲ့သို့လုပ်ဆောင် မှုများရှိသော်လည်း ရွာသားများမှ ထိုလုပ်ငန်းစဉ် နှင့် ပတ်သက်၍ ၎င်း တို့၏ စိတ်မကျေနပ်မှုများအား သတင်းဌာနများသို့ ပြောကြားခဲ့သည်။ ထိုကဲ့သို့သော စိတ်မကျေနပ်မှုများမှာ ၎င်းတို့၏ ဆုံးရှုံးသွားသော မြေယာများအတွက် အစားထိုးမြေယာ များ ပြန်လည် မရရှိခြင်းနှင့် ၎င်းတို့ နောက်ပိုင်းတွင် ကြုံတွေ့ရသော အသက်ရှင်ရပ်တည်မှုအတွက် ဝင်ငွေအခွင့်အလမ်းရရှိရန် လိုအပ်သည့် ငွေကြေးပိုင်းဆိုင်ရာ အထောက်အပံ့များအလုံအလောက် မရရှိမှုများ ပါဝင်သည်။ လျော်ကြေး ငွေပေးချေသည့် နည်းလမ်းများမှာ တသမတ်တည်းမရှိသည့်အပြင် ပွင့်လင်းမြင်သာမှုမရှိကြောင်းနှင့် ရွှေ့ပြောင်းရန် ငြင်းဆန်ပါက တာဝန် ရှိသူများမှ ရွာသားများအား ဖိအားပေးခြိမ်းခြောက်မှုများ ပြုလုပ် လေ့ရှိကြောင်း ထိခိုက် ခံစားရသည့် ရွာသားများမှ တင်ပြခဲ့ကြသည်။[40]

ပြန်လည်နေရာချထားသည့် နေရာတွင် လျင်မြန်သော မြို့ပြ လူနေမှုတစ်ရပ် ဖြစ်ပေါ်လာသော်လည်း အလုပ်အကိုင် အခွင့်အလမ်း များ ပါဝင်လာခြင်း မရှိပါ။ မြို့နေ နေထိုင်သူများကဲ့သို့ ဆောက်လုပ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ ဆက်သွယ်ရေး နှင့် အခြား စက်ရုံလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် အခွင့်အလမ်းမှာ ပေါင်းလောင်း ကျေးလက်ဒေသနှင့် တောင်တန်းဒေသများရှိ ပြည်သူများအတွက် ရှားပါးလွန်းသည်။ အကယ်၍ ထိုကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများ ရှိနေသော်လည်း ရွှေ့ပြောင်းနေထိုင်ရသည့် လယ်သမားများမှာ ထိုလုပ်ငန်း

များအား ဝင်ရောက်လုပ်ကိုင်ရန်အတွက် တတ်ကျွမ်းမှုရှိမည် မဟုတ်ပါ။ ထို့ကြောင့် ထိုလယ်သမားများအနေနှင့် အခြားသူများ၏ လယ်မြေများတွင် နေ့စားအဖြစ် ဝင်ရောက်လုပ်ကိုင်ရန် နှင့် ၎င်းတို့အား ပေးအပ်ထားသည့် ခြံမြေလေးတွင် ဥယျာဉ်ခြံ အသေးစား စိုက်ပျိုးရန်၊



ဆိုင်သေး သေးလေး ဆောက်ရန်နှင့် အခြား ဝင်ငွေ ရရှိနိုင်မည့် နည်းလမ်းများကို ရှာဖွေရန်သာ ရှိသည်။ ထိုအလုပ်များမှာ ခိုင်မာသေချာမှုနည်းပြီး ဝင်ငွေ အနည်းငယ်ကိုသာ ရရှိစေနိုင်မည်ဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့သည်ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပေါင်းလောင်း ဆည ရေလှောင်ကန်ကြောင့် ပြောင်းရွှေ့နေထိုင်ခဲ့ရသော လူပေါင်း ၈၀၀၀ ၏ ကျန်းမာရေး နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများအပေါ် သက်ရောက်မှုကို တိုင်းတာသုံးသပ်ရန်အတွက် ဒို့မြေကွန်ရက် (LIOH)၊ ကယန်း မျိုးဆက်သစ် လူငယ်အဖွဲ့ (KNGY)[41] တို့နှင့် ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ ဤသုတေသနပြုခြင်း၏ ရည်ရွယ်ချက်မှာ ပေါင်းလောင်း ရေကာတာကြောင့် ဆိုးကျိုးများစွာ ခံစားနေရသူများအား ကူညီရန် ကြိုးပမ်းနေသူများကို သတင်းအချက် အလက်ပေးရန်နှင့် မြန်မာနိုင်ငံတဝှမ်းတွင် လုပ်ဆောင်လျက်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုက်တက်မှုအတွက် စီမံကိန်းများသည် လူတစ်ဦးချင်း စီနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် ဆိုးကျိုးသက်ရောက်မှုများသာ ဖြစ်ပေါ်စေသည့်နေရပ်ရွှေ့ပြောင်းစေမှုများနှင့် ပတ်သက်၍ သက်သေပြုနိုင်သော စနစ်ကျသည့် သတင်းအချက်အလက် စုဆောင်းခြင်းအား စတင် တည်ဆောက်ရန် ဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့နှင့် ၎င်းတို့၏ လုပ်ဖော်ဆောင်ဖက်များသည် မြန်မာအစိုးရ၏ မူဝါဒများအပေါ် သက်ရောက်လွှမ်းမိုးရန်အတွက်နှင့် အခြား ဖွံ့ဖြိုးရေး လုပ်ကိုင်မည့်သူများကို နိုင်ငံအတွင်း ရှိ ပြည်သူများ၏ အခွင့်အရေးများအား ကာကွယ်ပေးနိုင်ရန်အတွက် ဤသက်သေများကို အသုံးပြုသွားမည်ဖြစ်သည်။

*ဓာတ်ပုံ- ပေါင်းလောင်းရေကာတာ ဆောက်လုပ်ရေး လုပ်ငန်းခွင် (၂၀၁၅ အစောပိုင်း)*

## ဆွေးနွေးမှုများနှင့် ရလဒ်များ

လူ့အခွင့်အရေးဆိုင်ရာဆရာဝန်များအဖွဲ့ စစ်တမ်းကောက်သူများသည် အိမ်ထောင်စုများအားလုံးကို အမေးအဖြေ ပြုလုပ်ရန်အတွက် စီစဉ်ထားသော အိမ်ထောင်စုပေါင်း ၈၀ ကိုချဉ်းကပ်ခဲ့ကြသည်။ ဖြေကြားသူများမှ ၂၉ ရာခိုင်နှုန်းမှာ အသက် ၂၃ နှစ်နှင့် ၈၂ နှစ်ကြားရှိ အမျိုးသမီးများ ဖြစ်ကြသည်။ အိမ်ထောင်စု တစ်စုတွင် လူဦးရေ သုံးဦးမှ ကိုးဦးအထိ ရှိပြီး ခန့်မှန်းခြေအရ တစ်အိမ်ထောင်လျှင် လူဦးရေ ၅.၁ ဦးရှိသည်။ အိမ်ထောင်စုပေါင်း ၈၀ တွင် လူဦးရေ ၃၅၈ ဦးရှိပြီး အသက် ၁ နှစ်မှ ၈၂ ကြားရှိ အမျိုးသမီးဦးရေပေါင်း ၅၁ ရာခိုင်နှုန်းရှိသည်။ ဤစံ ပြုထားသော သုတေသနဘောင်ထဲတွင် ပေါင်းလောင်း ဒေသကြောင့် ရွှေ့ပြောင်း နေထိုင်သူ ၈၀၀၀ ဦးအားလုံးအား ထည့်သွင်းထား သော ကြောင့် ရရှိ လာသော ရလဒ်မှာ ထိုလူဦးရေ အားလုံးအတွက် ခြုံငုံ နိုင်သည်။

*"ရွာထဲမှာရှိတဲ့ ဘယ်သူမှ မပြောင်းချင်ကြပါဘူး။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ အစိုးရက ကျွန်တော်တို့အိမ်တွေကို စက်ကြီးတွေနဲ့ လာပြီး ဖယ်ဖျက်မှာကို ကြောက်ရပါတယ်။"*

- နံပါတ် ၂၆ အိမ်ထောင်စု အမေးအဖြေ

*"ကျွန်တော်တို့ မရွှေ့ပြောင်းခဲ့ရင် ရေကြီးတဲ့အခါ ဘယ်သူမှ ကျွန်တော်တို့ကို ကူညီမှာ မဟုတ်ဘူးဆိုပြီး ခြိမ်းခြောက်တာ ခံခဲ့ရပါတယ်။"*

- နံပါတ် ၃ အိမ်ထောင်စု အမေးအဖြေ

### နိုင်ငံတကာမှ အသိအမှတ်ပြုထားသော လမ်းညွှန်ချက်များအား ဤရွှေ့ပြောင်းစေမှု ဖြစ်စဉ်တွင် လိုက်နာမှု မရှိခဲ့ခြင်း

အုပ်စုလိုက် ဆွေးနွေးပွဲတွင် ဒေသခံများ မှ လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ (PHR) အား ပြောခဲ့သည်မှာ ဤရေကာတာ ဆောက်လုပ်ခြင်းအား ၎င်းတို့အနေနှင့် ပထမဆုံးသိရှိခဲ့သည်မှာ၎င်းတို့ကျေး ရွာ

ပတ်ပတ်လည်၌ အစိုးရ၏ စစ်တမ်းကောက်သူ များမှနေ၍ အမှတ်အသားများ လာရောက်ချမှတ်ခဲ့သည့် အချိန်တွင်ဖြစ်သည်။ ၎င်းတို့၏ ပြောကြားချက်အရ အစိုးရ၏ စစ်တမ်းကောက်ယူသူများမှ ဤအလုပ်မှာ လမ်းဖောက်လုပ်ရန်အတွက်ဖြစ်သည်ဟု အစဦးတွင် ပြောခဲ့သော်လည်း နောက်ပိုင်းတွင် ရေလှောင်ကန်အတွက် ရေမြင့်တက်မှု အမှတ်ကိုတိုင်းတာရန် ဖြစ်ကြောင်း ဝန်ခံခဲ့ကြသည်။ ရေကာတာဆောက်လုပ်ရေး စတင်ခဲ့သည့်အချိန်တွင် ဤရေကာတာ ဆောက်လုပ်ပြီးစီးသွားပါက ရွာသားများအနေနှင့် ရွှေ့ပြောင်းခိုင်းခြင်း ခံရနိုင်သည်ကို ၎င်းတို့၏ ဒေသအတွင်းတွင် အချင်းချင်း ဆွေးနွေးမှုများမှ သော်လည်းကောင်း၊ ရှမ်းပြည်နယ်မှ အစိုးရတာဝန်ရှိသူများ၊ မြို့နယ်မှအစိုးရတာဝန်ရှိသူများ၊ လျှပ်စစ်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာန၊ ရေအားလျှပ်စစ် စီမံကိန်း အဖွဲ့ တို့နှင့် ဆွေးနွေးမှုများမှ သော်လည်းကောင်း သိရှိ ခဲ့ရ သည်။

၂၀၁၃ ခုနှစ် အစောပိုင်းတွင်ရွာသားများမှ တင်ပြခဲ့သည်မှာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများမှ ပြောင်းရွှေ့နေထိုင်ရေးအတွက် ဆွေးနွေးရန် အစည်းအဝေးပွဲများ ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးပွဲများတွင် ရွာသားများအား ရေလှောင်ကန် အလယ်ခေါင်၏ အနီးနားဝန်းကျင်ရှိ နေရာကျယ်ဝန်းသော ရွာသစ်များသို့ ပြောင်းရွှေ့နေထိုင်ရန်အတွက် ပြောခဲ့ကြသည်။ ထိုအစည်းအဝေးများတွင် ရွာသားများအား ရွှေ့ပြောင်းသည့်အခါတွင် ရွာသားများ တည်ဆောက်မည့် အိမ် (ဝါး၊ သစ် သို့မဟုတ် အုတ်) အခြေအနေပေါ် မူတည်၍ ငွေကြေးအထောက်အပံ့ ရရှိမည်ဖြစ်ကြောင်းနှင့် နောက်သုံးနှစ်အထိ လျှပ်စစ်မီး အခမဲ့ ရရှိမည်ဟု လာရောက်ရှင်းပြခဲ့သော အစိုးရဝန်ထမ်းများနှင့် အတူရိုင်ဖယ် သေနတ်များ ပစ္စတိုများ ကိုင်ဆောင်ထားသော ရဲဝန်ထမ်း လေးငါးဦး လိုက်ပါလာခဲ့သည်။ ထို့ပြင် အစိုးရမှ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများ၊ ခရစ်ယာန် ဘုရားကျောင်းများ (ရေကြီးသည့်နေရာတွင်အခြားဘာသာ ရေးဆိုင်ရာ အဆောက်အဦးများ မရှိခဲ့ပါ) ပြောင်းရွှေ့ရန်အတွက်လည်း အစိုးရမှ ငွေကြေးပံ့ပိုးပေးမည်ဟု ထိုဝန်ထမ်းများမှ ရှင်းလင်း ပြောကြား ခဲ့သည်။

ဤကဲ့သို့သော ဒေသခံများနှင့် ညှိနှိုင်း တိုင်ပင်ဆွေးနွေးမှုများတွင် အခြေခံ လမ်းညွှန်ချက်စည်းမျဉ်းများ သို့မဟုတ် အခြေခံလုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များအား လိုက်နာခြင်း မရှိပါ။ ဤစာတမ်းများထဲတွင် ဖော်ပြထားသည့် ဒေသခံများအား ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု၏ ရည်မှန်းချက်များတွင် ရွှေ့ပြောင်းနေထိုင်စေရခြင်း၏ ရည်ရွယ်ချက်၊ မည်သို့မည်ပုံ ရွှေ့ပြောင်းနေထိုင်ရမည့် အစီအစဉ်များနှင့် လျော်ကြေးငွေနှင့် ပတ်သက်၍ မည်ကဲ့သို့ ဆုံးဖြတ်ကြမည်စသည်တို့အား ရှင်းလင်းပြောကြားပေးရမည်ဖြစ်သည်။ အခြေခံလမ်းညွှန်ချက်စည်းမျဉ်းများ နှင့် အခြေခံလုပ်ထုံးလုပ်နည်းများလမ်းညွှန်ချက်များ နှစ်ခုစလုံးအရ ဒေသခံများအနေနှင့် ထိုရွှေ့ပြောင်းမှုကို ငြင်းဆန်ခွင့်ရှိကြောင်းနှင့် ဥပဒေကြောင်းအရ သွားလိုပါက ဥပဒေအကူအညီတောင်းခံနိုင်သည်ကိုလည်း အစိုးရမှ ပြောင်းရွှေ့ပေးရမည့် ဒေသခံများအား အသိပေးရမည်ဖြစ်သည်။ ထိုကဲ့သို့ ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု များ သည် ရွာသားများမှ ထိုလုပ်ငန်းစဉ်အား နားလည်သဘောပေါက်ကြောင်းကို သေချာစေရန်နှင့် ၎င်းတို့အနေနှင့် ထိုအထဲတွင် ပါဝင်သည့် အချက်များအား စိတ်ကျေနပ်မှု မရှိပါကထိုပြောင်းရွှေ့နေထိုင်ခြင်းအားငြင်းဆိုနိုင်သည့်စနစ်တစ်ခုရှိရမည်ဖြစ်သည်။ ပြောင်းရွှေ့ နေထိုင်ရမည့် သူများအား အစိုးရမှ အမှန်တကယ် ခြိမ်းခြောက်၍ဖြစ်စေ၊ ခြောက်လှန့်ပြောဆို၍ ဖြစ်စေ ကြောက်ရွံ့စေရန် လုပ်ဆောင်ပြီး မြေသိမ်းခြင်းများမှာ *ကုလသမဂ္ဂ၏* အခြေခံလမ်းညွှန်ချက်စည်းမျဉ်း များ နှင့် အခြေခံလုပ်ထုံးလုပ်နည်းများလမ်းညွှန်ချက်များတွင် အသေးစိတ် ဖော်ပြထားသည့် သင့်လျော်၍ပွင့်လင်းမြင်သာမှု ရှိသော ညှိနှိုင်း တိုင်ပင်ဆွေးနွေးမှုများနှင့် ကိုက်ညီမှု မရှိပါ။

လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ (PHR) ၏ သုတေသနပြုလုပ်ထားချက်များအရ ဒေသခံများအနေနှင့် ရွှေ့ပြောင်း နေထိုင်ရန်အတွက် လုပ်ငန်းစဉ်အား ရှင်းလင်းစွာ အသိပေးခံရခြင်း မရှိခဲ့ပါ။ အိမ်ခြေ ၆၀ (၇၅ ရာခိုင်နှုန်း)မှ ပြောကြားခဲ့သည်မှာ အစိုးရမှရွှေ့ပြောင်းနေထိုင်ရန်၊ လျော်ကြေးငွေ ပေးရန်နှင့် ပြောင်းရွှေ့သူများ၏ ကြုံတွေ့ရမည့် အန္တရာယ်များအား လျှော့ချရန်နည်းလမ်းများ အတွက် အစီအစဉ်ကို သေချာစွာ ရှင်းပြခြင်းမရှိပါ။ အစိုးရမှ အခြားမြေများအစားမည်သည့်အတွက်ကြောင့် ၎င်းတို့၏ မြေယာများအား ရွေးချယ်ခဲ့သည်ကို ရှင်းလင်းစွာ ပြောကြားခြင်းမရှိခဲ့ကြောင်းကို အိမ်ထောင်စု ၅၂ စု (၆၅ ရာခိုင်နှုန်း)မှ လည်းကောင်း၊ ၎င်းတို့အနေနှင့် ရွှေ့ပြောင်းနေထိုင်ခြင်းကို တရားရုံးတွင် ဥပဒေကြောင်းအရ ငြင်းဆိုနိုင်ကြောင်းကို အစိုးရမှ ပြောကြားခြင်း မရှိကြောင်းကို အိမ်ထောင်စု ၇၂ စု(၉၀ ရာခိုင်နှုန်း) မှလည်းကောင်း၊ ရွှေ့ပြောင်းနေထိုင်ခြင်းကို ငြင်းဆိုရန်အတွက် ဥပဒေကြောင်းအရသော်လည်းကောင်း နည်းပညာအရသော်လည်းကောင်း အကူအညီ ယူနိုင်သည့် အခွင့်အရေး ၎င်းတို့တွင် ရှိကြောင်းကို အစိုးရမှ အသိပေးခြင်းမရှိခဲ့ကြောင်းကို အိမ်ထောင်စု ၇၇ စု (၉၆

ရခိုင်နှုန်း) မှ ပြောကြားခဲ့သည်။ ထိုကဲ့သို့ အိမ်ထောင်စုများအား စစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု ၇၁ စု (၈၉ ရာခိုင်နှုန်း) မှ ၎င်းတို့အနေနှင့် မြေသိမ်းမှုအား လက်ခံနိုင်စွမ်းမရှိကြောင်း ပြောကြားခဲ့ပြီး ထိုကိစ္စအား ဆန္ဒပြရန် အတွက် သတင်းဌာနများအား ဆက်သွယ်ခြင်း၊ အစိုးရအား တိုင်စာရေးခြင်းစသည့်တို့ကို ထိုအိမ်ထောင်စု ၇၁ စုမှ အိမ်ထောင်စု ၆ စု (၇.၅ ရာခိုင်နှုန်း) ကသာ လုပ်ဆောင်မှု မရှိခဲ့ခြင်းဖြစ်သည်။ သို့သော် ၎င်းတို့၏ လုပ်ဆောင်မှုများသည် မည်သည့်အကျိုးသက်ရောက်မှုမှ မရှိကြောင်းကို လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန် များအဖွဲ့အား ထိုအိမ်ထောင်စုများရှိ ရွာသားများမှပြောကြားခဲ့သည်။

*"ကျွန်တော်တို့က သူတို့ လက်ခုပ်ထဲက ရေလိုပါပဲ။ သူတို့လို အာဏာရှိသူတွေက သူတို့လုပ်ချင်တာ လုပ်လို့ရတယ်။"*

- နံပါတ် ၁ အိမ်ထောင်စု အမေးအဖြေ

*"ကျွန်တော်တို့အနေနဲ့ အစိုးရရဲ့ စီမံကိန်းကို မငြင်းဆန်ရဲဘူး။"*

- နံပါတ် ၆ အိမ်ထောင်စု အမေးအဖြေ

ထိုကဲ့သို့ စစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု ၅၇ စု (၇၂ ရာခိုင်နှုန်း) မှ ပြောကြားခဲ့သည်မှာ ၎င်းတို့အနေနှင့် လျော်ကြေးငွေနှင့် ပတ်သက်၍လည်း ကျေနပ်မှု မရှိကြောင်း တင်ပြခဲ့သည်။ သို့သော် ထိုပေးအပ်လာသော လျော်ကြေးငွေအား လက်ခံရန် သို့မဟုတ် ထိုလျော်ကြေးငွေအား အဆုံးခံပြီး ကြုံတွေ့လာမည့် အန္တရာယ်ကို ပါ လက်ခံရန်သာရှိသည်ဟု အများစုက ခံစားကြရသည်။ အိမ်ထောင်စု ၅၁ စု (၆၄ ရာခိုင်နှုန်း) မှာလည်း ၎င်းတို့ အနေနှင့် ပြောင်းရွှေ့ရန် ငြင်းဆန်ပါက ဖြစ်လာမည့် အရာကို ကြောက်ရွံ့ကြကြောင်း တင်ပြခဲ့ကြသည်။ စစ်တမ်းကောက်ယူမှုအား ဖြေကြားခဲ့သူများက ၎င်းတို့ အနေနှင့် ဖမ်းဆီးခံရမည်ကိုလည်းကောင်း ၎င်းတို့၏ အိမ်များအား ဘူဒိုဇာများနှင့် ဖျက်စီးခံရမည်ကိုလည်းကောင်း အကြောက်ဆုံး ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။ အဓိက သတင်းပေးခဲ့သူမှ ပြောကြားခဲ့သည်မှာ ရွှေ့ပြောင်းနေထိုင်ရန်အတွက် စည်းဝေးသည့် အစည်းအဝေးထဲတွင် မြို့နယ်ရုံးမှ ဝန်ထမ်းများနှင့်အတူ လက်နက်ကိုင်အဖွဲ့များ ပါဝင်လာခြင်းမှာ အကျိုးဆက်ကို ခံစားရမည့် ရွာသား များအား ခြိမ်းခြောက်နေသကဲ့သို့ ဖြစ်ပြီး ငြင်းဆန်ရန်လည်း အခက်တွေ့စေခဲ့သည်။

ဘာသာရေးဆိုင်ရာ အဆောက်အဦးများအား ရွှေ့ပြောင်းရန်အတွက် လိုအပ်သည့် ငွေကြေးများကို ပေးမည်ဟု ကတိခံထားသည်နှင့်အညီ အာမခံ ငွေကြေးအဖြစ် အစိုးရထံမှ လက်ခံရရှိခဲ့ကြောင်း အဖွဲ့လိုက် ဆွေးနွေးမှုအတွင်း ရွာသားများမှ ပြောကြားခဲ့သည်။ အစိုးရမှနေ၍ စာသင်ကျောင်းများ၊ ဆေးခန်းများနှင့် ဆေးရုံတစ်ရုံကို ထိုရွှေ့ပြောင်း နေထိုင်သည့် နေရာတွင် ဆောက်လုပ်ပေးခဲ့သည်။ ဤအစီရင်ခံစာ ရေးသားနေသည့် အချိန်တွင် ထိုဆေးရုံတွင သူနာပြုများ တာဝန်ထမ်း ဆောင်လျက်ရှိပြီး ထိုရွှေ့ပြောင်းနေထိုင်သည့် နေရာအား မြို့နယ် အဆင့်မှ အသိအမှတ်ပြုသည်နှင့် ထိုနေရာတွင် အစိုးရ၏ လုပ်ငန်း အထောက်အပံ့များအား ရရှိမည်ဖြစ်သည်။[42] သို့သော် လူ့အခွင့်အရေး ဆိုင်ရာဆရာဝန်များအဖွဲ့ အမေးအဖြေ ပြုခဲ့သော ရွာသားအများစုမှ ပြောခဲ့သည်မှာ ၎င်းတို့အနေနှင့် အစိုးရ၏ တုန့်ပြန်မှုအား ကျေနပ်ခြင်း မရှိခဲ့ပါ။ လက်နက်ကိုင်ထားသော ရဲများ အစည်းအဝေးတွင် ရှိနေခြင်း မှာ အချို့သူများအား သတိပေးနေသကဲ့သို့ ဖြစ်ခဲ့သောကြောင့် ၎င်းတို့ အနေနှင့် ပိုင်ဆိုင်သော မြေယာများအား ပေးအပ်ရန်အတွက် ချက်ချင်း သဘောတူ လက်မှတ်ထိုးခဲ့ကြသည်။ သို့သော်အချို့သော ရွာများမှာ ရွှေ့ပြောင်းရန် ပြင်ဆင်ပေးထားသော နေရာအစား တောင်ပေါ် ဒေသ သို့ ရွှေ့ပြောင်းနေထိုင်ရန်အတွက် တင်ပြခဲ့ကြပြီး ဤအိမ်ထောင်စုများ မှာလည်း လမ်းပမ်းဆက်သွယ်ရေး ညံ့ဖျင်းခြင်း၊ လမ်းရှောကြီးခြင်း၊ စားပင်သီးနှံမရှိခြင်းနှင့် ကျောင်းတက်ရန် ခက်ခဲခြင်း စသည့် တူညီ သောအခက်အခဲများ ကြုံတွေ့ခံစားကြရသည်။ အဖွဲ့လိုက် ဆွေးနွေးမှု အတွင်း ပါဝင်ဆွေးနွေးသူအချို့မှလူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များ အဖွဲ့အား ပြောကြားခဲ့သည်မှာ မြို့နယ်အရာရှိများနှင့် အဆက်အသွယ် ရှိသူများသည် အစိုးရမှ ချမှတ်ထားသော နှုန်းထက် ပိုမို များပြားသော ငွေများလက်ခံရရှိကြသည်။ ထို့အပြင် ၎င်းတို့ ရွှေ့ပြောင်းပြီးနောက် နှစ်လကြာတွင် လျှပ်စစ်မီးအတွက် ကျသင့်ငွေတောင်းခံစာ ရရှိကြောင်း ပြောကြားခဲ့သည်။

*"ကျွန်မတို့က တော်လှန်ရေးနယ်မြေ (အစိုးရစစ်တပ်အာ သမိုင်းကြောင်းအရ ထောက်ခံခြင်း မရှိသော နယ်မြေ) မှာ နေကြတာ။ ပြီးတော့ တစ်ခုခုဖြစ်ပြီဆို အာဏာပိုင်တွေက ရဲတွေကို ခေါ်ပြီး လူတွေကို ဖမ်းတော့တာပဲ။ အဲဒါကြောင့် ကျွန်မတို့လည်း ကြောက်ပြီး လက်မှတ်ထိုးခဲ့တာပါ။"*

– အဖွဲ့လိုက် ဆွေးနွေးမှုအတွင်းပါဝင်သော အသက် ၅၅ နှစ် အရွယ် အမျိုးသမီး

အစိုးရသည် ဤလုပ်ငန်းအား ဆန့်ကျင်သူ အားလုံးကို ဖိအားပေးခဲ့ပြီး ရွှေ့ပြောင်းရသူများနှင့် ညှိနှိုင်းမှု ပြုလုပ်ရန်အတွက် ငြင်းဆန်ခဲ့သည်။ ဒေသတွင်း ခေါင်းဆောင်များမှ လျှပ်စစ်ဝန်ကြီးဌာနသို့ ပေးစာများစွာ ပို့ခဲ့သော်လည်း မည်သည့် ပြန်စာကိုမျှ လက်ခံရခြင်း မရှိခဲ့ပါ။[43] ထို့ပြင် အစိုးရ၏ အကြမ်းဖက်မှုကိုလည်း ခံရကြောင်း ရွာသားများမှ လူ့အခွင့် အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ (PHR) အား ပြောကြားခဲ့သည်။ ဥပမာအားဖြင့် အစည်းအဝေး တစ်ခုတွင် လျှပ်စစ်ရေးရာ ဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးက လျော်ကြေးငွေ ပေးချေမှုအပေါ် တိုင်ကြားခဲ့သော ရွာသားတစ်ဦးအား ထိုးကြိတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ အခြား ဖြစ်ရပ်တစ်ခုတွင်မူ ဒေသတွင်းရှိ စည်းရုံးမှု ပြုလုပ်ခဲ့သူ တစ်ဦးမှာ အကြမ်းဖက်မှုအား ပြန်လည် တုန့်ပြန်သည့် အတွက် ဖမ်းဆီးရိုက်နှက် ခံခဲ့ရသည်။[44]

ဤသတင်း အချက်အလက်များက မြေသိမ်းမှုတွင် နိုင်ငံတကာ လမ်း ညွှန်ချက်များအား လိုက်နာမှု မရှိကြောင်းနှင့် ရွာသားများ၏ စိတ်တွင် ကြောက်ရွံ့မှုနှင့် မယုံကြည်မှုများ ဖြစ်စေခဲ့ကြောင်း ဖော်ပြ နေသည်။ ရွှေ့ပြောင်းနေထိုင်ခဲ့သူများက ၎င်းတို့အား ပေးအပ်ခဲ့သော လျော်ကြေး ငွေ အနည်းငယ်မှာ တစ်ခုတည်းသော ရွေးချယ်မှုဟု ခံယူ ပြီး ထိုလျော် ကြေးငွေကို လက်ခံရယူခဲ့ကြသည်။ လူနည်းစုသာ အစိုးရ သို့မဟုတ် သတင်းဌာနများသို့ တိုင်ကြားမှုများ ပြုလုပ်ခဲ့သည်။ ဤသို့ ဖြစ်ရခြင်းမှာ ပြန်လည်၍ တုန့်ပြန်ခံရမည်ကို ကြောက်ရွံ့နေ၍ ဖြစ် ကြောင်း သတင်း အချက်အလက်များ အဓိက ပေးပို့သူ တစ်ဦးမှ ရှင်းပြ ခဲ့သည်။ အထူး သဖြင့် လုံလောက်မှုမရှိသော လျော်ကြေးငွေကိုသာ ရရှိသည့် အကြမ်း ဖက်ရွှေ့ပြောင်း နေထိုင်စေမှုသည် အသက်မွေးဝမ်း ကျောင်း လုပ်ငန်း များနှင့် စားနပ်ရိက္ခာ ဖူလုံမှုကို အလွန်ပင် ထိခိုက်စေသည်။

## မြေယာပိုင်ဆိုင်မှု စာရွက်စာတမ်း ထုတ်ပေးခြင်းတွင် အားနည်းချက် များစွာရှိနေခြင်း

လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့၏ သုတေသနပြုချက်တွင် မြန်မာနိုင်ငံအတွင်း မြေယာပိုင်ဆိုင်မှု အထောက်အထားပြုလုပ်ရာတွင် တွေ့ကြုံရသော အခက်အခဲများအား မီးမောင်းထိုး တင်ပြထားသည်။ ထို့ပြင် ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်ခွင့် စနစ်နှင့် အစိုးရမှ ချမှတ် ထားသော စနစ်တို့ကြားရှိ ပြဿနာများကိုလည်း ဖော်ပြထားသည်။ ပေါင်းလောင်း ဒေသရှိ ရွှေ့ပြောင်းခံရသော အိမ်ထောင်စုများသည် ၎င်းတို့၏ လယ်ယာမြေများပေါ်တွင် ဆယ်စုနှစ်ပေါင်းများစွာ အလုပ် လုပ်ကိုင်ခဲ့ပြီးဖြစ်သော်လည်း အစိုးရမှ ထုတ်ပေးသောသင့်လျော်သည့် မြေယာပိုင်ဆိုင်မှု လက်မှတ်အား လက်ခံရရှိခြင်းမရှိပါ။ စစ်တမ်းအရ ၉၈ ရာခိုင်နှုန်းသော သူများမှာ မြေယာများအား ၎င်းတို့ပိုင်ဆိုင်သည်ဟု ပြောခဲ့သော်လည်း ၄ ရာခိုင်နှုန်းကသာ သူတပါးထံမှ ဝယ်ယူထားသော စာချုပ်ရှိကြောင်း၊ ၃၈ ရာခိုင်နှုန်းက ၎င်းတို့ပိုင်ဆိုင်သော မြေယာပိုင် ဆိုင်မှု စာရွက်စာတမ်းမှာ အခွန်ငွေ လက်ခံ ဖြတ်ပိုင်းဖြစ်ကြောင်းနှင့် ၄၅ ရာခိုင်နှုန်းမှာ မည်သည့် စာရွက်စာတမ်းမှ မရှိကြောင်း ပြောဆိုခဲ့ သည်။ ထိုမြေယာများပေါ်တွင် ၎င်းတို့အနေနှင့် ကာလမည်မျှကြာ အောင် နေထိုင်ပြီး ဖြစ်သနည်းဟု မေးရာတွင် ၁ နှစ်မှ နှစ်ပေါင်း ၁၀၀ အတွင်းဟု ဖြေကြားခဲ့ရာ ထိုနှစ်များအား ပျမ်းမျှ ပြန်လည် တွက်ချက် ပါက နှစ်ပေါင်း ၃၂ ဒသမ ၆ နှစ်ခန့် ရှိပြီဖြစ်သည်။

နိုင်ငံ၏ နေရာဒေသ အများစုတွင် ဓလေ့ထုံးတမ်း မြေယာအသုံးချမှု ပိုင်ဆိုင်မှု စနစ်အား ကျင့်သုံးခဲ့သည်မှာ မြန်မာနိုင်ငံအား နိုင်ငံအဖြစ် သတ်မှတ်ခြင်း မပြုမီကပင် ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ၏ ဥပဒေ တွင် ဤစနစ်များအား အသိအမှတ်ပြုခြင်း မရှိသေးပါ။ အခွန်ငွေလက်ခံ ဖြတ်ပိုင်းနှင့် ဓလေ့ထုံးတမ်းစနစ်အရ မြေယာပိုင်ဆိုင်မှုများအား လက်မ ခံပါ။ ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုကို လျစ်လျူရှုထား သည် ကိုကြည် ခြင်းဖြင့် မြန်မာအစိုးရသည် မြေသိမ်းမှုများအား တစ်နည်း အားဖြင့် ပံ့ပိုးပေးလျက်ရှိပြီး လူအမြောက်အများအား မြေယာဆုံးရှုံးမှုကို ခံစားစေလျက်ရှိနေသည်။ အမျိုးသားမြေယာအသုံးချမှု မူဝါဒနှင့် မြေယာ ဥပဒေများအား ပြောင်းလဲမှု ပြုလုပ်ခြင်းများသည် မြေသိမ်းမှု ပြဿနာကို ဥပဒေကြောင်းအရ ဖြေရှင်းနိုင်ရန်အတွက် အခွင့်အလမ်း တစ်ခုအဖြစ်ဖန်တီးပေးထားသော်လည်း၎င်းတို့အနေနှင့်ဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်မှု စနစ်အား တရားဝင် အသိအမှတ်ပြုပြီး ထိုဓလေ့ထုံး တမ်းအရ မြေယာပိုင်ဆိုင်ခွင့် စနစ်များနှင့် နိုင်ငံတော်၏ မြေယာဆိုင်ရာ သတင်းအချက်အလက် ကောက်ယူမှုများအကြားရှိ ခြားနားချက်များ အတွက် ထုတ်ပြန်ထားသည့် စနစ်တစ်ခုရှိမှသာလျှင် ထိုစနစ်များအား ကောင်းမွန်စွာနှင့် ပွင့်လင်းမြင်သာစွာ ပေါင်းစည်းနိုင်မည်ဖြစ်သည်။

## ပေါင်းလောင်းဒေသတွင် အဓမ္မ ရွှေ့ပြောင်းစေခြင်းသည် အသက် မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ကျန်းမာရေး အား ဖျက်စီးလျက်ရှိခြင်း

ပေါင်းလောင်းရေကာတာကြောင့် ရွှေ့ပြောင်းနေထိုင်ခဲ့ရသူများမှ ၎င်းတို့ အနေနှင့် အလုပ်အကိုင် ရှာဖွေရန်သော်လည်းကောင်း၊ ကလေးများအား ကျောင်းအပ်ရာတွင်လည်းကောင်း၊ အစားအသောက် များ ဝယ်ယူရာတွင်လည်းကောင်း အခက်အခဲများ အလွန်တွေ့ရကြောင်းနှင့် စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများမှ ၈၉ ရာခိုင်နှုန်းမှာ ပြောင်းလာပြီးသည့် အချိန်မှစ၍ နောက်ပိုင်းတွင် ၎င်းတို့၏ အခြေအနေ အားလုံး ခြုံငုံကြည့်လျှင် ပိုမို ဆိုးရွားလာကြောင်း တင်ပြခဲ့ပြီး ၉၁ ရာခိုင် နှုန်း မှာ ၎င်းတို့အနေနှင့် လိုအပ်သည်များ ဝယ်ယူရန် ငွေကြေး လုံလောက်မှု မရှိကြောင်း တင်ပြပြောဆိုခဲ့သည်။ အစားအသောက်များ စိုက်ပျိုးရန် နှင့် ဝယ်ယူရန်အတွက် အဟန့်အတားများ ရှိနေခြင်းသည် ပြောင်းရွှေ့နေထိုင်သူများအတွက် အဓိကလူမှုရေးထောက်ပံ့မှုများ လိုအပ်ချက်ဖြစ်လာစေခဲ့သည်။

## အဓမ္မ ရွှေ့ပြောင်းစေခြင်းသည် မိသားစုများအား ဆင်းရဲမှုသို့ တွန်းပို့လျက်ရှိခြင်း

အိမ်ထောင်စု ၅၄ စု (၆၈ ရာခိုင်နှုန်း) ၏ တင်ပြချက်အရ နေရပ် ရွှေ့ပြောင်းခြင်း မတိုင်မီ ၎င်းတို့၏ အဓိက ဝင်ငွေအခွင့်အလမ်းမှာ ဆန်စပါး စိုက်ပျိုးခြင်းဖြစ်ပြီး ရွှေ့ပြောင်းပြီး နောက်ပိုင်းတွင် အိမ်ထောင်စုသုံးစု (၄ ရာခိုင်နှုန်း) ကသာ ထိုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နိုင်ပြီး အခြား အိမ်ထောင်စု အများစု၏ တင်ပြချက်အရ အချိန်ကာလ တစ်ခုအတွင်းတွင် တည်မြဲသော်အလုပ်အကိုင် မရှိသော အိမ်ထောင်စုမှာ ၁ စုမှ ၁၆ စုထိ (၁ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း) တိုးလာကြောင်း သိရသည်။ ရွှေ့ပြောင်းပြီးနောက်ပိုင်းတွင် ၎င်းတို့ အနေနှင့် နေ့စား အလုပ်နှင့် အခြား အလုပ်များအား အဓိကဝင်ငွေအခွင့်အလမ်းအဖြစ် လုပ်ကိုင်ရကြောင်း အိမ်ထောင်စုများမှ တင်ပြခဲ့သည်။ မြန်မာနိုင်ငံရှိ နေ့စားအလုပ်သမားများတွင် အလုပ်အကိုင် တည်မြဲမှု အလွန်နည်းပါးသည်။ အလုပ်မရှိသည့် အခါမျိုးတွင် ၎င်းတို့အနေနှင့် နေ့စားခမရပါ။ လုပ်ကွက်ငယ် လယ်စိုက်ခင်းများသည် နှစ်စဉ် အထွက်နှုန်းနှင့် ဈေးနှုန်း အတက်အကျ ရှိသော်လည်း နေ့စားအလုပ်အား အဓိက လုပ်ကိုင်လာသော အိမ်ထောင်စု အရေအတွက် များပြားလာမှုသည် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်း တည်ငြိမ်မှု မရှိကြောင်းကို ဖော်ပြလျက်ရှိသည်။

*"ရွှေ့ပြောင်းနေထိုင်ပြီးကတည်းက ကျွန်တော်တို့ရဲ့ ဝင်ငွေဟာ တသမတ်တည်း မရှိတော့ဘူး။ တစ်ချို့လတွေဆိုရင် ကျွန်တော်တို့ လုံးဝ ဝင်ငွေမရှိတာတွေရှိတယ်။"*

- နံပါတ် ၁ အိမ်ထောင်စု အမေးအဖြေ

*"မရွှေ့ပြောင်းခင်တုန်းက အလုပ်တွေ အများကြီးရှိတယ်။ နည်းနည်းခက်တဲ့အလုပ်ဆို ကျွန်တော်တို့ လုပ်ခ ကောင်းကောင်းရတယ်။ တစ်နေ့ကို ၁၀၀၀၀ ကျပ် (၈ ဒေါ်လာ) အထိရတယ်။ ရွှေ့ပြောင်းပြီးတဲ့နောက်မှာတော့ တစ်ခါတစ်လေ တစ်လမှ အလုပ်ရှိတဲ့ရက်က ၁၅ ရက်လောက်ပဲ ရှိတယ်။"*

- နံပါတ် ၅ အိမ်ထောင်စု အမေးအဖြေ

ဝင်ငွေအခွင့်အလမ်း နည်းပါးလာခြင်းမှာ အသက်မွေးဝမ်းကျောင်း အလုပ် ဆုံးရှုံးမှုကြောင့်ဖြစ်သည်။ အိမ်ထောင်စုများအား စစ်တမ်းကောက်ယူမှုအရ အိမ်ထောင်စု ၇၉ စု (၉၉ ရာခိုင်နှုန်း) မှ တင်ပြခဲ့သည်မှာရွှေ့ပြောင်းပြီး နောက်ပိုင်းတွင်၎င်းတို့၏ ဝင်ငွေများ လျော့နည်းလာပြီး အိမ်ထောင်စုများ၏ ပျမ်းမျှ ဝင်ငွေ လျော့နည်းမှုမှာ ၈၁ ရာခိုင်နှုန်းအထိ ရှိသည်။ အဓိက ဖြေကြားပေးခဲ့သူများအရနေ့စားအလုပ်မှာ အစဉ် မရှိသည့်အပြင် လုပ်ခလည်း လျော့နည်းလာသည်ကို ရှင်းပြခဲ့သည်။

ပြောင်းရွှေ့နေထိုင်မှုကြောင့် ဖြစ်ပေါ်လာသော ဝင်ငွေအခွင့်အလမ်း အပေါ် ထိခိုက်မှုသည် အိမ်ထောင်စုများအား ဆင်းရဲမှုသို့ တွန်းပို့လျက်ရှိသည်။ မြန်မာနိုင်ငံအတွက် UNDP ၏ ဆင်းရဲမွဲတေမှုအား သတ်မှတ်ချက်မျဉ်းမှာ အရွယ်ရောက်သူတစ်ဦးအတွက် တစ်နှစ်လျှင် ဝင်ငွေ ၃၇၆၁၅၁ ကျပ် (၃၂၈ ဒေါ်လာ) ဖြစ်သည်။[45]ယခင်က ထို သတ်မှတ်ချက်၏ အထက်တွင် စုစုပေါင်း အိမ်ထောင်စု ၆၃ စု ရှိခဲ့သော်လည်း ရွှေ့ပြောင်းမှု မတိုင်မီ အိမ်ထောင်စု ၅၃ စုမှာထိုသတ်မှတ်ချက် အောက်သို့ ရောက်ရှိခဲ့ပြီး ရွှေ့ပြောင်းပြီး နောက်ပိုင်းတွင် အိမ်ထောင်စု ၆၅ စုမှာ ထိုသတ်မှတ်ချက်အောက် ရောက်ရှိလာခဲ့သည်။[46] အိမ်ထောင်စုအားလုံးမှ ၎င်းတို့ ရရှိလာသော ဝင်ငွေများကို အစားအသောက်အတွက်သာ အသုံးပြုခဲ့လျှင်ပင် ၎င်းတို့ လိုအပ်သော ကယ်လိုရီ ပမာဏ ပြည့်ဝရန် လိုနေသေးသည့် ငွေကြေး ပမာဏအပေါ် အခြေခံ၍ UNDP မှ အစားအသောက် ဆင်းရဲမွဲတေမှု သတ်မှတ်ချက်မျဉ်းကို ဆွဲခဲ့ခြင်းဖြစ်သည်။ ဤပြယုဒ်သည် ၎င်းတို့ တွေ့ကြုံခံစားရသည့် အကြီးမားဆုံး အခက်အခဲကို ဖော်ညွှန်းနေသည်။ မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီးသူ တစ်ဦးသည် အစားအသောက် ဝော်မွတ်မှု မရှိ

စေရန် တစ်နှစ်လျှင် မြန်မာငွေ ၂၇၃၉၉၁ ကျပ် (ဒေါ်လာ ၂၄၁) ဖြစ်သည်ဟု UNDPမှ တွက်ချက်ထားသည်။[47] ရွှေ့ပြောင်းမှုမတိုင်မီက အစားအသောက်ဆင်းရဲမွဲတေမှုအားသတ်မှတ်ထားသည့်မျဉ်း အထက်တွင် စုစုပေါင်း အိမ်ထောင်စု ၆၇ စု ရှိခဲ့သော်လည်း ရွှေ့ပြောင်းပြီးနောက်တွင်မူ ၄၄ အိမ် (၆၆ ရာခိုင်နှုန်း)မှာ အစားအသောက် ဆင်းရဲမွဲတေမှု သတ်မှတ်ချက်မျဉ်းအောက် ရောက်သွားသည်။

ဤရှာဖွေတွေ့ရှိချက်များသည် မြန်မာနိုင်ငံ၏ အခြားဒေသများတွင် ဖြစ်ပေါ်နေသော နေရပ်ရွှေ့ပြောင်းမှု နေရာများရှိ သတင်းအချက်အလက်များအား ပဲ့တင်ထပ်နေသကဲ့သို့ ဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာဆရာဝန်များအဖွဲ့၏ စစ်တမ်းအရ သီလဝါ အထူး စီးပွားရေးဇုံတွင် နေရပ်ရွှေ့ပြောင်းမှု ဖြစ်ပွားပြီးနောက် အိမ်ခြေ ၆၁ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံ ဆင်းရဲမွဲတေမှု သတ်မှတ်ချက် မျဉ်းအောက်သို့ ရောက်ရှိသွားခဲ့သည်။ မြန်မာနိုင်ငံ တောင်ပိုင်း တနင်္သာရီတိုင်းရှိ ထားဝယ် အထူးစီးပွားရေးဇုံကြောင့် နေရပ်ရွှေ့ပြောင်းမှု ဖြစ်ပေါ်ပြီးနောက်တွင် အမျိုးသမီးများအား စစ်တမ်းကောက်ယူမှု၏ ရလဒ်အရ ၉၁ ရာခိုင်နှုန်းသည် ဝင်ငွေအခွင့်အလမ်း နည်းပါး ခဲ့ ကြောင်း ထားဝယ် အမျိုးသမီးသမဂ္ဂမှ တင်ပြခဲ့သည်။[48] (The Human Rights Foundation of Monland) မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း မှ တင်ပြခဲ့သည်မှာ မွန်ပြည်နယ်တွင် အစိုးရမှ မြေယာ များသိမ်းယူပြီးနောက် ပြည်သူများ အနေနှင့် ရွှေ့ပြောင်းအလုပ်သမားဖြစ်လာရခြင်း၊ တခါတရံ ၎င်းတို့၏ ကလေးများအား အလုပ်သို့ စေလွှတ်ရခြင်းမှာ ၎င်းတို့နေအိမ်၏ ဝင်ငွေအခွင့်အလမ်းအတွက် ဖြစ်သည်ဟု တင်ပြခဲ့သည်။[49]



ဓာတ်ပုံ- ပေါင်းလောင်း ဆည် ကြောင့်ဖြစ်ပေါ်သော ရေလွှမ်း ဧရိယာ တစ်လျှောက် ရွာသားများ သွားလာပုံ။ ရေကျချိန်တွင် ပျက်စီးသွားသော ဘုရားများ နှင့် ကျေးရွာများ ထင်ရှားစွာ ပြန်လည်တွေ့မြင်နိုင်သည်။

## အဓမ္မ ရွှေ့ပြောင်းခြင်း ခံရပြီးနောက် အိမ်ထောင်မိသားစုများ အစာရေစာ ဝတ်မွတ်မှုကို တွေ့ကြုံခဲ့ရခြင်း

ပေါင်းလောင်းဒေသတွင် နေရပ်ရွှေ့ပြောင်းခြင်း ခံရပြီးနောက် စားနပ်ရိက္ခာ ဖူလုံမှု အပေါ် ခြိမ်းခြောက်ခံရလျက်ရှိသည်။ အစိုးရမှ လယ်သမားများအား ၎င်းတို့ပိုင်ဆိုင်သော မြေပေါ်မှ အဓမ္မထွက်ခွါစေသောအခါ ၎င်းတို့၏ အစားအစာနှင့် ဝင်ငွေများ၏ အဓိက အရင်းအမြစ်ကို ဆုံးရှုံးခဲ့ကြရသည်။ အိမ်ထောင်စု ၆၆ စု (၈၆ ရာခိုင်နှုန်း) မှ တင်ပြခဲ့သည်မှာ မြေသိမ်းမှု မတိုင်မီ ၎င်းတို့၏ အစားအစာအတွက် အဓိက အရင်းအမြစ်မှာ ၎င်းတို့ ကိုယ်ပိုင် လယ်ယာမြေများဖြစ်သော်လည်း ရွှေ့ပြောင်းခြင်းခံရပြီး နောက်ပိုင်းတွင် လယ်ယာမြေအား ၎င်းတို့၏ အစားအစာအတွက် အဓိက အရင်းအမြစ်ဟု ပြောသူမှာ အိမ်ထောင်စု နှစ်စု (၃ ရာခိုင်နှုန်း) အထိ လျော့ကျသွားပြီး ၎င်းတို့၏

အစားအသောက်အတွက် အဓိက အရင်းအမြစ်မှာရေးဖြစ်လာကြောင်း အိမ်ထောင်စု ၅၇ စု (၇၅ ရာခိုင်နှုန်း) မှ တင်ပြထားသည်။ ဝင်ငွေအခွင့် အလမ်းနှင့် အစားအစာအတွက် အဓိကအရင်းအမြစ်များအားဆုံးရှုံးခဲ့မှု ကြောင့် စားနပ်ရိက္ခာ ဖူလုံမှုမှာ ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်လာသည်။

*"ကျွန်တော်တို့ တော်ပြတ်မှာကို အရမ်းစိုးရိမ်တယ်။ ကျွန်တော်တို့ ကလေးတွေရဲ့ အနာဂတ်အတွက် စိုးရိမ်တယ်။"*

- နံပါတ် ၃ အိမ်ထောင်စု အမေးအဖြေ

လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ (PHR) မှ Household Hunger Scale (HHS) အိမ်ထောင်စုများ၏ တော်ပြတ်မှု တိုင်းတာချက်ကို အသုံးပြုပြီး အိမ်ထောင်စုများ၏ အစားအသောက် ရရှိမှုကို တိုင်းတာခဲ့သည်။ လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့အသုံးပြုခဲ့ သော စားနပ်ရိက္ခာဖူလုံမှု တိုင်းတာချက် အဆင့်များမှာ ဆိုးရွားမှု မရှိသော၊ ဆိုးရွားသော နှင့် အလွန်ဆိုးရွားသော ဟူ၍ ဖြစ်သည်။ ပညာရှင်များ အသုံးပြုခဲ့သော စားနပ်ရိက္ခာဖူလုံမှု ရလဒ် အဆင့်များကို ကမ္ဘာ့စား နပ်ရိက္ခာ ဖူလုံရေး အစီအစဉ် World Food Programme (WFP) ၏ ကမ်းရိုးတန်း ဒေသများအတွက် ထုတ်ပြန်ထားသည့် စစ်တမ်း၊[50] မြန်မာနိုင်ငံ အလယ်ပိုင်းရှိ Save the Children International (SCI)[51]မှ ထုတ်ပြန်ထားသော စစ်တမ်း၊ the Livelihoods and Food Security Trust Fund (LIFT)[52] မှ ထုတ်ပြန်ထားသော စစ်တမ်းများ နှင့် နှိုင်းယှဉ် စစ်ဆေးနိုင်သည်။ ၂၀၁၂ ခုနှစ်အတွက် LIFT မှ ထုတ်ပြန် ထားသော စစ်တမ်းမှာ မြန်မာနိုင်ငံရှိ ခြားနားသော ပထဝီ နယ်မြေ လေးခုမှ ရွာပေါင်း ၂၅၂ ရွာ အတွက် ထုတ်ပြန်ထားခြင်းဖြစ်သည်။ LIFT ၏ အချက်အလက်များသည် တစ်နိုင်ငံလုံး အတိုင်းအတာ အတွက် မဟုတ်သော်လည်း ၎င်းသည် နိုင်ငံတော်၏ စားနပ်ရိက္ခာ ဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အကောင်း ဆုံးနှင့် အနီးစပ်ဆုံး အချက်အလက်များ ဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာဆရာဝန်များအဖွဲ့ ၏ ရလဒ်အရ ရွှေ့ပြောင်းခြင်း မတိုင်မီက စားနပ်ရိက္ခာ ဖူလုံမှုမှာ LIFT၏ စစ်တမ်း တွင် (၂ ရာခိုင်နှုန်းမှာ ဆိုးရွားမှု မရှိ၊ ၁ ရာခိုင်နှုန်းမှာ တော်မွတ်မှုနှင့် ကြုံတွေ့ရ) ခန့်မှန်းထား သော ယေဘုယျ ခန့်မှန်းခြေနှင့် တူညီမှု ရှိသော်လည်း ရွှေ့ပြောင်းမှု ကြောင့် ထိုအခြေအနေမှာ (၃၁ ရာခိုင်နှုန်း ဆိုးရွားမှု မရှိ၊ ၆ ရာခိုင်နှုန်း အစာရေစာ တော်မွတ်မှုနှင့် ကြုံတွေ့ရ) ပိုမို ဆိုးရွားလာခဲ့သည်။

(For more data, see Chart 1 in Appendix.)

LIFT၏ စစ်တမ်းအရ ဝင်ငွေနည်းပါးသော သို့မဟုတ် မြေပိုင်ဆိုင်မှု နည်းသော အိမ်ထောင်စုများများရှိသည့် ဒေသများတွင် စားနပ်ရိက္ခာ ဖူလုံမှု နည်းပါးသည်။[53] ဤနိဂုံးချုပ်သည်မြေယာနှင့် ဝင်ငွေ အခွင့် အလမ်း ဆုံးရှုံးပြီးနောက်တွင် စားနပ်ရိက္ခာ ဖူလုံမှု မရှိခြင်း တိုးပွား လာသည်ဟူသည့် လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ (PHR) ၏ တွေ့ရှိချက်နှင့် ကိုက်ညီမှု ရှိသည်။

*"ကျွန်တော်တို့ အရင်ကဆို အသားနဲ့ ငါးတွေ စားရလေ့ရှိပေမယ့် အခုတော့ ကျွန်တော်တို့ အရွက်နဲ့ အသီးအနှံတွေပဲ စားရတော့တယ်။"*

- နံပါတ် ၂၀ အိမ်ထောင်စု အမေးအဖြေ

အိမ်ထောင်စုအတွက် အစားအသောက် ဖူလုံမှုရှိသည့် လများ Months of Adequate Household Food Provisioning (MAHFP) အား တိုင်းတာမှုကို အသုံးပြု၍ အိမ်ထောင်စုများအား ၎င်းတို့အနေနှင့် တစ်နှစ်အတွင်း လုံလောက်သည့် အစားအသောက် မရှိသော လများ ရှိမရှိကို မေးမြန်းခြင်းဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ (PHR) မှ အိမ်ထောင်စုများ၏ အစားအစာ ရရှိနိုင်မှုကို တိုင်းတာခဲ့ ခြင်းဖြစ်သည်။ ရွှေ့ပြောင်းပြီးနောက်ပိုင်းတွင် ပျမ်းမျှ အနေနှင့် အိမ် ထောင်စုများအတွက် အစားအသောက် ဖူလုံမှုရှိသည့် လများမှာ ပျမ်းမျှ ၃.၂ ရှိသည်။ ဆိုလိုသည်မှာ တစ်နှစ်အတွင်း ပျမ်းမျှ ၈.၈ လတွင် အိမ် ထောင်စုများအတွက် ဖူလုံသည့် အစားအစာ မရှိပါ။ မရွှေ့ပြောင်းမီက လများတွင် အိမ်ထောင်စုများ အတွက် အစား အသောက် ဖူလုံမှုရှိ သည့် လများမှာ ၉.၉ ရှိသည်။ ဆိုလိုသည်မှာ ၂.၁၂ လအတွင်းသာ အိမ်ထောင်စုများအတွက် ဖူလုံသည့် စားနပ် ရိက္ခာ မရှိခြင်းဖြစ်သည်။[54] ဤတွေ့ရှိချက် နှစ်ခုအား နှိုင်းယှဉ်လိုက် ခြင်းဖြင့် ရွှေ့ပြောင်းပြီးနောက် ပိုင်းတွင် အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာဖူလုံမှုမှာသိသိသာသာ ကျဆင်းလာသည်ကို တွေ့ရ သည်။

*"အရင်ကဆို ကျွန်တော်တို့ သရက်သီး၊ ငှက်ပျောသီးတွေကို ကိုယ့်ခြံထဲကနေ စုံစားခဲ့ဘူးတယ်။ အခုတော့ ကျွန်တော်တို့ ဘာမှ မရှိတော့ဘူး။"*

- နံပါတ် ၂၆ အိမ်ထောင်စု အမေးအဖြေ

အိမ်ထောင်စုများသည် အစားအသောက် ဖူလုံမှုမရှိခြင်းအား ရင်ဆိုင်နိုင်ရန်အတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းကြသည်။ လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ (PHR)မှ ဤကွာခြားချက် ၂ ခုကို တိုင်းတာရန်အတွက် အိမ်ထောင်စုများအနေနှင့် အစားအသောက် လုံလောက်မှု မရှိသည့်အတွက် ထမင်းစားချိန် သို့မဟုတ် ဟင်းခွက်ပမာဏကို အကြိမ်မည်မျှ လျှော့ခဲ့ရကြောင်းနှင့် ၎င်းတို့အနေနှင့် ၎င်းတို့ ပုံမှန် စားနေသည့် အခါများထက် ပိုမို၍ ဈေးသက်သာသော အစားအသောက်များကို အကြိမ်မည်မျှ ပြောင်းလဲစားသောက်ရကြောင်းများကို မေးမြန်းခဲ့သည်။ ပြောင်းရွှေ့ပြီး နောက်ပိုင်းတွင် အိမ်ထောင်စုများမှ အစားလျှော့စားခြင်း သို့မဟုတ် ထမင်းစားချိန် အကြိမ် လျှော့ခြင်းနှင့် ဈေးပိုသက်သာသော အစားအသောက်များ စားသုံးမှု အကြိမ်အရေအတွက် တိုးလာကြောင်း လူ့အခွင့်အရေးဆိုင်ရာဆရာဝန်များအဖွဲ့မှ ရှာဖွေတွေ့ရှိခဲ့သည်။ ထိုကဲ့သို့ ပြဿနာများအား ရင်ဆိုင်နိုင်ရန် အတွက်အသုံးပြုမှု နည်းလမ်းများပိုမိုများပြားလာခြင်းသည် အိမ်ထောင်စုများ အနေနှင့် ရွှေ့ပြောင်းပြီး နောက်ပိုင်းတွင် စားနပ်ရိက္ခာ ဖူလုံမှု မရှိခြင်း တိုးပွားလာသည်ကို ဖော်ပြလျက်ရှိသည်။

## ပြောင်းရွှေ့ နေထိုင်ရသည့် မိသားစုများတွင် သောက်ရေ လုံလောက်စွာ မရှိခြင်း

ရွှေ့ပြောင်းနေထိုင်သူများအတွက် အခြား အဓိက လူသားချင်းစာနာ ထောက်ထားမှု လိုအပ်နေသည်မှာ ရေရရှိခြင်းပင်ဖြစ်သည်။ စစ်တမ်းကောက်ယူထားသော အိမ်ထောင်စု ၄၅ စု၏ တင်ပြချက်အရ သောက်ရေလုံလောက်မှု မရှိပေ။ အစိုးရမှနေ၍ ရေလှောင်ကန်အသစ်မှ ရေဖြန့်ဝေရန်အတွက် ရေပိုက်ခေါင်း အသစ်များဆောက်ပေးထားသော်လည်း ထိုပိုက်မှ ထွက်လာသော ရေများမှာ မည်းညစ်နေပြီးအနံ့ဆိုးလွန်းသည့်အတွက် ထိုရေများကို မသောက်သုံးလိုကြပါ။ အစိုးရမှ ရွာတစ်ရွာတွင် အနီးရှိ စမ်းချောင်းမှတစ်ဆင့် ရေဘုံဘိုင်တစ်ခု တည်ဆောက်ထားသော်လည်း ၂ ပေသာ နက်သည့် ထိုရေဘုံဘိုင်သည် အိမ်ထောင်စု ၃၀၀ အတွက် ရေ အလုံအလောက်မပေးနိုင်သည့်အပြင်ဒေသအတွင်းတွင် ရန်လို မုန်းတီးမှု အငြင်းပွားမှုများကိုပါ ဖြစ်ပေါ်စေသည်။ ရေအတွက်၊ ရေအရင်းအမြစ်နှင့် ရေရရှိရန်အတွက် ပိုက်များ သွယ်တန်းထားခြင်း ဖြင့် နီးသော နေရာများတွင်နေထိုင်သူများက ပို၍ ဝေးသော နေရာများတွင် နေထိုင်သူများထက် ရေပိုမိုရရှိမှုများအတွက် နှုတ်ဖြင့် ရန်ဖြစ်ခြင်းများရှိသည်ဟု ဒေသတွင်း အဖွဲ့ဝင်မှ တင်ပြထားသည်။

*"အခုဆို ကျွန်တော်တို့ အိမ်တော်တော်များများ ရေကို မျှပြီး သုံးနေရတယ်။ ပိုက်ကနေလာတဲ့ရေက သောက်လို့ မရဘူး။ အဲဒါကြောင့် ကျွန်တော်တို့ ရေရဖို့ တော်ထဲကို သွားရတယ်။"*

- နံပါတ် ၂၈ အိမ်ထောင်စု အမေးအဖြေ

*ဓာတ်ပုံ- ပေါင်းလောင်းရွှေ့ပြောင်းဒေသ ၌ နေရပ်ပြောင်းရွှေ့ခံရသူများမှ မိမိ တို့ နေထိုင်မှုအခြေအနေအား ပြောကြားနေကြသည်။*



ပေါင်းလောင်းဒေသတွင် ရွှေ့ပြောင်းခြင်း မပြုလုပ်မီ ပိုမိုကောင်းမွန်သော ရေပေးဝေရေး စနစ် ဆောက်လုပ်ရန်အတွက် အစိုးရတွင် အချိန်ရခဲ့ပါသည်။ ရေကာတာ ဆောက်လုပ်မှုအား ၂၀၀၆ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၃ ခုနှစ်အထိ ရွာသားများမှာ သတ်မှတ်ထားသော နေရာသို့ ရွှေ့ပြောင်းနေထိုင်ခြင်း မရှိသေးပါ။ ပြောင်းရွှေ့နေထိုင်ရမည့် နေရာတွင် သောက်ရေ အလုံအလောက် ရရှိရန် မပြုလုပ်နိုင်ခဲ့ခြင်းမှာ နိုင်ငံတကာမှ သတ်မှတ်ထားသော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကို လိုက်နာသည့် ပြည့်စုံသော နေရာထိုင်ခင်းအတွက် လိုအပ်သည်များကို စီစဉ်ပေးရမည်ဟု ဖော်ပြထားသည့် အခြေခံ လမ်းညွှန်ချက် စည်းမျဉ်းများ နှင့် အခြေခံလုပ်ထုံးလုပ်နည်းများ လမ်းညွှန်ချက်များအား ချိုးဖောက်ရာရောက်သည်။

ပေါင်းလောင်းဒေသတွင် တွေ့ရှိခဲ့ရသည့် အခြေအနေများမှာ အခြားဒေသများတွင် ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ပြောင်းရွှေ့နေထိုင်ရသူ

များ ၏ အခြေအနေကိုပါ ထင်ဟပ်နေပါသည်။ ရွှေ့ပြောင်းနေထိုင်ရသည့် နေရာများတွင် သောက်ရေ အလုံအလောက် မရရှိခြင်းအပေါ် ထားဝယ် အထူးစီးပွားရေးဇုံ[55] နှင့် ကချင်ပြည်နယ်ရှိ ဟူးကောင်း ကျွန်း ထိန်းသိမ်းရေးဒေသတွင် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအတွက် ပြောင်းရွှေ့နေထိုင်ရသူများမှလည်း တင်ပြထားသည်။[56] အခြားအစီရင်ခံစာများတွင်လည်း ကယားပြည်နယ်ရှိ မော်ချီးသတ္တုတွင်း၊[57] စစ်ကိုင်းတိုင်းရှိ လက်ပံတောင်း ကြေးနီ သတ္တုတွင်း၊[58] ရှမ်းပြည်နယ်ရှိ တီကျစ် ကျောက်မီးသွေး တွင်း[59] နှင့် ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူ အထူးစီပွားရေးဇုံ[60] များတွင် ရေပေးဝေမှုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်ကြောင်း ဖော်ပြထားသည်။

*"ရေမသန့်တဲ့အတွက် ကျွန်တော်တို့ အခုဆို ဝမ်းရောဂါတွေ ခံစားနေရတယ်။"*

- နံပါတ် ၂၃ အိမ်ထောင်စု အမေးအဖြေ

## စိတ်ဖိစီးမှုနှင့် မိမိကိုယ်ကိုယ် အဆုံးစီရင်ခြင်းများ

"ဆက်ပြီးတော့ အသက်ရှင်နေတာထက် သေတာကမှ ပိုကောင်းမယ်လို့ ကျွန်တော်ထင်တယ်။"

- နံပါတ် ၂၁ အိမ်ထောင်စု အမေးအဖြေ

ပေါင်းလောင်းရေကာတာ၏ ရေလှောင်ကန်ကြောင့် ပြောင်းရွှေ့နေထိုင်ရသူများအတွက် မြေယာနှင့် အသက်မွေးဝမ်းကျောင်း ဆုံးရှုံးမှုများ နှင့် စားနပ်ရိက္ခာ ဖူလုံမှု မရှိခြင်းများသည် ထိုသူများအား စိတ်ရောဂါ ဝေဒနာကိုပါ ဖြစ်ပေါ် ခံစားလာစေသည်။ PHQ-2 ၏ စိတ်ဖိစီးမှုပိုင်းဆိုင်ရာ လေ့လာသုံးသပ်မှုများ၏ ရလဒ်အရ ပြန်လည်ဖြေကြားသူ ၈၁ ရာခိုင်နှုန်းအား စိတ်ဖိစီးမှု ဝေဒနာကို လက်ရှိ အချိန်တွင် ခံစားနေရမှု ရှိမရှိ ဆုံးဖြတ်ချက်ချရန် စမ်းသပ်ခံရန်အတွက် အကြံပြုထားသည်။ ကလေးများအား ညှဉ်းပမ်းနှိပ်စက်မှုဆိုင်ရာ ဖြစ်ရပ်အများအပြားအပါအဝင် ၎င်းတို့အနေနှင့် အရက်သေစာ သောက်စားခြင်းများ ပိုမိုများပြားလာသည်ဟု ထင်နေကြောင်းကို အဖွဲ့လိုက်ဆွေးနွေး မှုတွင် ပါဝင်သူ အချို့က လူ့အခွင့်အရေးဆိုင်ရာဆရာဝန်များအဖွဲ့အား ပြောကြားခဲ့သည်။[61]

"ကျွန်တော် အရက်မူးနေတဲ့လူတွေ အများအပြား လမ်းပေါ်မှာ လျှောက်သွားနေတာကို တွေ့ရတယ်။ အရင်ကဆို အဲလိုမဟုတ်ဘူး။"

- *အဖွဲ့လိုက်ဆွေးနွေးမှုတွင် နံပါတ် ၂ ပါဝင်ဆွေးနွေးသူ*

၂၀၁၃ ခုနှစ်မှ စတင်၍ ထန်းတပင်ကျေးရွာတွင် လယ်သမားနှင့် လူငယ် စုစုပေါင်း ၁၈ ဦးမှာ ပိုးသတ်ဆေးများ သောက်ပြီး မိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့ကြသည်။ ခြောက်ဦးအား ဆေးရုံတင်ခဲ့ရပြီး လေးဦးမှာ အသက်ဆုံးရှုံးခဲ့ရသည်။ ရွာသားများမှ တင်ပြခဲ့သည်မှာ မိမိကိုယ်ကို သေကြောင်းကြံစည်မှုများမှာ အများစုမှာ လူငယ်များနှင့် လက်မထပ်ရသေးသော သူများဖြစ်သည်။ လူငယ်တစ်ဦးမှ ပြောကြားခဲ့သည်မှာ သူ့အနေ ဖြင့် သူ၏ လယ်နှင့် ပြန်မရနိုင်တော့သည့် ယခင်က သူနှင့် သူ့မိသားစု နေခဲ့သည့် ဘဝမျိုးကို လွမ်းသည်ဟု ဆိုသည်။ အခြား ဖြစ်ရပ်တစ်ခုတွင် ၁၈ နှစ်အရွယ် အမျိုးသမီးငယ ်လေးမှ "ကျွန်မသေရင် ကျွန်မမိသားစု စားစရာ ပိုလာလိမ့်မယ်" ဟုဆိုကာ အဆိပ်သောက်ခဲ့သည်။[62]

"ရွာထဲမှာ လူတွေက သေရင်ကောင်းမလားဆိုပြီး ပြောနေကြတယ်။ ရွှေ့ပြောင်းပြီး ငါးလ ခြောက်လလောက်ကြာပြီ သူတို့မှာ စားစရာမရှိဘူး။ အလုပ်မရှိဘူး။ အဲဒါကြောင့် သူတို့လည်း အသက်မရှင်ချင်တော့ဘူး။"

- *အဖွဲ့လိုက်ဆွေးနွေးမှု အဖွဲ့ ၂ တွင် ပါဝင်ဆွေးနွေးသူ*

## နေရပ်မှ ဖယ်ရှားခံရခြင်း နှင့် ဒီမိုကရေစီစနစ်

လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ (PHR) က မြန်မာနိုင်ငံရှိ ပြည်သူများနှင့် ၎င်းတို့၏ အစိုးရကြားရှိ ဆက်လက်ဖြစ်ပွားနေသော ပြဿနာများကို မီးမောင်းထိုးပြထားသည်။ အစိုးရမှ မြေသိမ်းမှုတွင် ပါဝင်နေခြင်းသည် ပြည်သူများအတွက် ၎င်းတို့ ချမှတ်ထားသောတာဝန်များကို လုပ်ဆောင်ရန် လစ်ဟာနေခြင်းဖစ်သည်။ ထို့အပြင် ကောင်း မွန်စွာ အဓိပ္ပါယ်ဖွဲ့ဆိုထားခြင်းနှင့် အခွင့်အရေးအား လေးစားမှု မရှိ သည့်မြေယာအသုံးချမှု မူဝါဒကြောင်လည်း ဥပဒေအရမဟုတ် သည့် နေရပ် မှ ဖယ်ရှားမှု များတွင် အစိုးရအတွက် တာဝန်ယူမှု တာဝန် ခံမှု ရှိလာစေရန် ဆောင်ရွက်ပေးမည့် စနစ်မရှိခြင်းဖြစ်သည်။ ဒီမိုက ရေစီ လမ်းကြောင်းပေါ်သို့ ရောက်စဖြစ်သည့်အလျောက် အစိုးရတွင် တာဝန် ယူမှု တာဝန်ခံမှု ရှိရန် လုပ်ဆောင်ပေးမည့် ထိရောက်မှုရှိသည့် စနစ်များ မရှိသည့်အပြင် အစိုးရအား နှစ်ပေါင်းများစွာယုံကြည်မှုကင်းမဲ့ ခဲ့သော မြန်မာနိုင်ငံရှိ ပြည်သူများမှာ အခက်အခဲများနှင့် ရင်ဆိုင်ကြုံ တွေ့နေရသည်။

မြန်မာနိုင်ငံရှိ လွှတ်တော် အမတ်အချို့မှာ တရားသဖြင့် တင်မြှောက်ခံထားရခြင်းဖြစ်သောကြောင့် ၎င်းတို့၏ အခြေခံ ဥပဒေအား ပြင်ဆင်နိုင်ခွင့်ကို အလေးထားပြီး ဥပဒေမဲ့ နေရပ်မှ ဖယ်ရှားခြင်းအား ဆန့်ကျင်ပြီးလုပ်ထုံးလုပ်နည်း အတိုင်း ကာကွယ်ပေးနိုင်မည့် စာတမ်းများအား ထုတ်ဝေနိုင်ရန် ပံ့ပိုးကြသည်။ ထိုလုပ်ဆောင်မှုများသည် နည်းလမ်းတချို့ဖြင့် စတင်နေပြီဖြစ်သည်။ ယခင် မြေယာသိမ်း မှုများနှင့်ပတ်သက်၍ တိုင်စာများအား လက်ခံရန်အတွက် လွှတ်တော်မှ ဖွဲ့စည်းထားသော လယ်ယာမြေ စုံစမ်းစစ်ဆေးရေးကော်မတီသည် လူများ၏ အခွင့်အရေးအတွက် ၎င်းတို့၏ ရပ်တည်ချက်အား ဖော်ပြနေသည့် လက္ခဏာတစ်ရပ် ဖြစ်နိုင်သည်။

 အစိုးရနှင့် ပြည်သူများကြားရှိ မြေသိမ်းမှုနှင့် ဆိုင်သည့် ကိစ္စရပ်များအား ကြားဝင် ဖြေရှင်းပေးရန်နှင့် စနစ်ကျစေရန်အတွက် လွှတ်တော်အဖွဲ့များ အနေဖြင့်အရေးကြီးသည့် အပိုင်းမှ လုပ်ဆောင် ရန်ဖြစ်နိုင်ချေရှိသည်။။ သို့သော် ပြဿနာမှာ မြန်မာနိုင်ငံတွင် ရှိသော ပြည်သူအများစုသည် ၎င်းတို့၏ လွှတ်တော် အဖွဲ့ဝင်များ သို့မဟုတ် လွှတ်တော်တို့၏ အခန်းကဏ္ဍအား မသိခြင်းကြောင့် အကူအညီ မတောင်းခြင်းဖြစ်သည်။ ပေါင်းလောင်းဒေသတွင် ပြုလုပ်ခဲ့သော လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့၏ သုတေသန ပြုချက်အရ ၁၈ ရာခိုင်နှုန်းသော သူများသာ ၎င်းတို့၏ ကိုယ်စားလှယ်အမည်ကို သိသည်။Asia Foundation၏ မြန်မာနိုင်ငံတွင်းစစ်တမ်းကောက်ယူမှုအရ "မြန်မာနိုင်ငံရှိ ပြည်သူများမှာ အစိုးရ ဌာန အဆင့် အမျိုးမျိုး၏ လက်ရှိ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို အနည်းငယ်မျှသာ သိရှိကြပြီး ဒီမိုကရေစီ၏ အခြေခံ သဘောတရားကို အနည်းငယ်သာ နားလည်သည်။"[63] ဒုတိယ စိန်ခေါ်မှု တစ်ရပ်မှာ ရွေးချယ် တင်မြှောက်ခံရသော ဝန်ထမ်းများနှင့် စစ်တပ်ကြားရှိ အာဏာ ခွဲဝေရေးပင်ဖြစ်သည်။ လက်ရှိအချိန်ထိ မြေသိမ်းမှုတွင် ပါဝင်နေသော အစိုးရနှင့် အခြားဝန်ကြီးဌာနများ အပေါ် လွှတ်တော်အနေနှင့် မည်သည့် အတိုင်းအတာအထိ အာဏာရှိသည်ကို ရှင်းလင်းစွာ မသိရခြင်းပင်ဖြစ်သည်။

*ဓာတ်ပုံ- ပြောင်းရွှေ့ခံရသော နေရာ မှ အိမ်။ နေရပ်ပျောက်သူများမှ မိမိတို့အိမ်ဟောင်းအတွက် ပစ္စည်းကိရိယာ နည်းပါးသော၊ လုံလောက်မှု မရှိသော လျှော်ကြေးငွေ သာပြန်လည်ရရှိခဲ့သည်။*

## နိဂုံးချုပ်

အခြေခံ လမ်းညွှန်ချက် စည်းမျဉ်းများ နှင့် အခြေခံလုပ်ထုံးလုပ်နည်းများ လမ်းညွှန်ချက်များအား ပေါင်းလောင်း ရေကာတာ အစီအစဉ်ရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းများတွင် လိုက်နာဆောင်ရွက်မှု မရှိကြောင်း လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ (PHR) မှ ရှာဖွေတွေ့ရှိခဲ့သည်။ ထို့အတွက် ရွှေ့ပြောင်းနေထိုင်မှုကြောင့် အလုပ်အကိုင် နှင့် ဝင်ငွေ အခွင့်အလမ်း ဆုံးရှုံးခြင်း၊ စားနပ်ရိက္ခာ ဖူလုံမှု မရှိခြင်း၊ ဆင်းရဲမွဲတေခြင်း၊ ရေရရှိရန် ခက်ခဲခြင်းနှင့် စိတ်ဓါတ်ကျခြင်း နှင့် မိမိကိုယ်ကို အဆုံးစီရင်ခြင်းများကို တွေ့ရှိလာရသည်။

ဤရှာဖွေ တွေ့ရှိချက်များအရ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများအတွက် မြေသိမ်းမှုများသည် အလုပ်အကိုင် အခွင့်အလမ်း၊ ရေရှိမှု၊ စားနပ်ရိက္ခာဖူလုံမှု နှင့် လူသားတို့ ဘဝများအပေါ် ထိခိုက်နစ်နာမှုများ အပါအဝင် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်နှင့် မြန်မာနိုင်ငံရှိ ပြည်သူများ၏ ကျန်းမာရေး အခြေအနေအပေါ် ထိခိုက်မှုများ ရှိခြင်းနှင့် ဆိုင်သည့် သက်သေပြမှုများ ပိုမို တိုးပွားလာသည်ကို တွေ့နိုင်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများသည် ၎င်းတို့ အနီးရှိ လူအများ၏ စီးပွားရေးကို ဖျက်စီးလျက်ရှိသည်။



မြန်မာနိုင်ငံတဝှမ်းရှိ အခြားသော ဖွံ့ဖြိုးရေး စီမံကိန်းများတွင် လေ့လာတွေ့ရှိထားသည့် အကြောင်းအရာ အတော်များများကို ပေါင်းလောင်းအတွက် လေ့လာတွေ့ရှိချက်များတွင် တွေ့နိုင်သည်။ ထိုအထဲတွင် လူထုနှင့် တွေ့ဆုံ ဆွေးနွေးမှုများတွင် နိုင်လိုမင်းထက် ပြုခြင်းများနှင့် ခြိမ်းခြောက်မှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအား ရေရှည် လုပ်ကိုင်နိုင်ရန် ထည့်သွင်းစဉ်းစားမှု မရှိသည့် လျော်ကြေးငွေ ပေးချေမှုများ၊ ဒုက္ခသည်စခန်းများအတွက် သတ်မှတ်ထားသော အရည်အသွေးအောက် နိမ့်ပါးသည့် ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအထောက်အပံ့ပစ္စည်းများဖြင့် အစိုးရမှ ဆောက်လုပ်ပေးထားသော ရွှေ့ပြောင်းနေထိုင်ရာ နေရာများ၊ ပြောင်းရွှေ့နေထိုင်သူများအတွက် စားနပ်ရိက္ခာဖူလုံမှု မရှိခြင်း နှင့် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ပြုပြင်ရန်အတွက် ပေးချေသော လျော်ကြေးငွေ ပမာဏ အနည်းအကျဉ်းတို့ ပါဝင်သည်။

ပေါင်းလောင်း ရေကာတာ ပတ်ဝန်းကျင်တွင် နေထိုင်ရသည့် ပြည်တွင်းပြောင်းရွှေ့နေထိုင်ရသူ ဂ၊၊၊ သည် လူသားများ၏ အခြေခံ လိုအပ်ချက်အတွက် အကူအညီများ အပြင် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များပါလိုအပ်နေသည်။ မြန်မာအစိုးရသည် ဤလိုအပ်ချက်များအား ချက်ခြင်း ဖြည့်ဆည်းပေးရန်လိုပြီး ဤကဲ့သို့ မပြုလုပ်နိုင်ပါက ၎င်းတို့အနေနှင့် အခြား တတ်နိုင်သည့် အဖွဲ့အစည်းများမှ အကူအညီ ရှာဖွေ ရယူသင့်သည်။

ပေါင်းလောင်းတွင် ကျရောက်သော ဤဘေးအန္တရာယ်သည် အခြား ရေကာတာများ၊ သတ္တုတွင်းများ၊ အထူး စီးပွားရေးဇုံများ၊ စိုက်ပျိုးရေး လုပ်ငန်းများနှင့် မြန်မာနိုင်ငံ တဝှမ်းရှိ အခြား ဖွံ့ဖြိုးရေး စီမံကိန်းများတွင် ဖြစ်ပေါ်လျက်ရှိသည်။ ဤဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် ဖြစ်ပေါ်ခဲ့သော မြေသိမ်းမှုများသည် တရားဥပဒေ စိုးမိုးမှု မရှိခြင်း၊ အစိုးရ၏ခြိမ်းခြောက်မှု၊ အစိုးရ ဝန်ကြီးဌာနများမှ နိုင်ငံတကာ မြေသိမ်းမှုလမ်းညွှန်ချက်များ ကို မလိုက်နာခြင်း၊ မြေသိမ်းမှုကို ဖြစ်စေသော မြေယာအသုံးချမှု မူဝါဒများကဲ့သို့ ယခင် စစ်အုပ်ချုပ်မှုတွင် ကျင့်သုံးခဲ့သော စနစ်များ ဆက်လက်တည်ရှိနေမှုကြောင့်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတွင် ဤကဲ့သို့ မူဝါဒများ ရှိမနေသင့်ပေ။ ဤမူဝါဒများ ရှိနေသ၍ အသေးစား လုပ်ကွက်ငယ်တောင်သူများနှင့် အခြား မြေပိုင်ရှင်များအနေဖြင့် ဆက်လက်ထိခိုက်နစ်နာနေမည်ဖြစ်သည်။ ပိုမို အားကောင်းသော ဒီမိုကရေစီဆိုင်ရာ မူဝါဒများသည် အချို့သော ပြဿနာများကို စတင်ဖြေရှင်းနိုင်မည်ဖြစ်ပြီး လွှတ်တော်အနေနှင့်လည်း နိုင်ငံတော်အတွင်းရှိ ရင်းနှီးမြှုပ်နှံခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုများကြားဖြစ်သော အခြေအနေများကို ကြားဝင်ဖြေရှင်းပေးသင့်သည်။ မြန်မာနိုင်ငံရှိ ကျေးလက်တောရွာများတွင်ဝင်ငွေရရှိရန်လယ်ယာလုပ်ကိုင်ခြင်းမှတပါး အစား အသောက်အတွက် အခွင့်အလမ်း အနည်းငယ်သာရှိသည်။ နိုင်ငံတဝှမ်းတွင် နေထိုင်ကြသော ကျေးလက်နေပြည်သူများအနေနှင့် မြေယာများကို ဆုံးရှုံးခဲ့ပြီး ဖြစ်သည့်အပြင် ထိုအတွက်ကြောင့် ၎င်းတို့၏ စီးပွားရေး အခြေအနေ ဆိုးရွားလာကာ အများစုမှာ ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရကြသည်။ ယခုအချိန်သည် မြန်မာနိုင်ငံရှိ ပြည်သူများအား အကာအကွယ်ပေးမည့် အစိုးရအား ရွေးချယ်ရမည့် အချိန်ဖြစ်သည်။

## အကြံပြုချက်များ

### မြန်မာနိုင်ငံ၏ လွှတ်တော်အဖွဲ့ဝင်များသို့

- *ပြည်တွင်း နေရပ်ရွှေ့ပြောင်းနေထိုင်သူများအတွက် အခြေခံ သဘောတရား လမ်းညွှန်ချက်စည်းမျဉ်းများ နှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများကြောင့် နေရပ်မှ ဖယ်ရှားခံရခြင်းနှင့် ရွှေ့ ပြောင်းနေထိုင်ရသူများအတွက် အခြေခံလုပ်ထုံးလုပ် နည်းများနှင့် လမ်းညွှန်ချက်များ* အား လိုက်နာသော နိုင်ငံတကာ နေရပ်မှ ဖယ်ရှားခြင်းအတွက် လမ်းညွှန်ချက် များနှင့် ကိုက်ညီပြီး ကျေးလက်ဒေသရှိ ဒေသခံများ၏ အခွင့်အရေးအား လေးစားကာ အမှန်တကယ် ကာကွယ် မှုပေးနိုင်သည့် အမျိုးသား မြေအသုံးချမှု မူဝါဒကို ဖော်ဆောင် အတည်ပြုရန်
- အမျိုးသား မြေအသုံးချမှုမူဝါဒအား အတည်ပြုပြီးပါက ပြည်သူများအား ထို မူဝါဒတွင် ပါဝင်သည့် ၎င်းတို့၏ မြေယာပိုင်ဆိုင်ခွင့်နှင့် ကာကွယ်မှုပေးနိုင်သည့် လမ်း ညွှန်ချက်များ တည်ရှိနေမှုကို သိရှိနားလည် လာစေ ရန်အတွက် ဘဏ္ဍာငွေများ သုံးစွဲကာ နိုင်ငံတဝှမ်း အသိ ပညာပေးပွဲများ ပြုလုပ်ပေးရန်။
- အခြေခံစည်းမျဉ်းများကို ချိုးဖောက်၍ မြေသိမ်းသူ တစ်ဦး တစ်ယောက်စီနှင့် အဖွဲ့များအား တာဝန်ယူမှု တာဝန်ခံ မှုရှိစေရန်အတွက် ဆောင်ရွက်ပေးရန်နှင့် ကာကွယ် မှုများအား ချိုးဖောက်ခြင်း များကို ချက်ခြင်း ကုစားမှု နည်းလမ်းများ ဆောင်ရွက်ပေးရန် နှင့် ဖြစ်စဉ်များကို စောင့်ကြပ် စစ်ဆေးရန်အတွက် ကော်မတီ တစ်ခု ဖွဲ့ရန်။
- မြေသိမ်းမှုများနှင့် အဓမ္မ နေရပ်မှ ဖယ်ရှားခြင်း များအား နိုင်ငံတဝှမ်းရှိ ပြည်သူများ အားလုံးပါဝင်သော အသိပေး ဆွေးနွေးမှု ပြုလုပ်ပြီး ခိုင်မာသည့် အမျိုးသား မြေအသုံး ချမှုမူဝါဒ အား အတည်မပြုမီ အချိန်ထိ ရပ်ဆိုင်းထားရန်။
- ကျေးလက်ဒေသရှိ ပြည်သူများနှင့် လုပ်ကွက်ငယ်တောင်သူ လယ်သမားများ၏ လိုအပ်ချက်များအား လေးစားမှု ရှိ သည့် မြေယာအသုံးချမှု မူဝါဒကို ထောက်ခံ ပံ့ပိုး ပေးရန်။
- ပေါင်းလောင်းဒေသနှင့် အခြား ရွှေ့ပြောင်းနေထိုင်ရသည့် နေရာများသို့ သွားရောက်ပြီး ထိခိုက်မှုများအား လေ့လာ ရန်နှင့် ရှေ့ဆက်ကြုံတွေ့ရမည့် ထိခိုက်နစ်နာမှုများအား ကာကွယ်ရန် သာမကယခင်ကြုံတွေ့ခံရမှုများအားကုစား ပေးရန် အကြံပြုချက်များ ပြုလုပ်နိုင်မည့် စုံစမ်းထောက် လှမ်းမည့် အဖွဲ့ကို စတင်ဖွဲ့ရန်။
- မြေသိမ်းမှုများအား ဖော်ထုတ်ဖြေရှင်းရန်အတွက် ဖွဲ့စည်း ထားသော လွှတ်တော် လယ်ယာမြေ ကော်မရှင်၏ တရားစီရင်မှု ပြုလုပ်ပိုင်ခွင့်ကို အစိုးရ ဌာနများပါဝင် ပါတ်သက်နေသည့် မြေသိမ်းမှုများအား စုံစမ်းစစ်ဆေး ဖြေရှင်းနိုင်သည်အထိ တိုးမြှင့်ရန်။
- အစိုးရ အုပ်ချုပ်ရေးဌာနများသည် လွှတ်တော်မှတဆင့် အရပ်သား ထိန်းချုပ်သည့် အောက်တွင်ရှိသည့် အဖွဲ့များ ဖြစ်သည်ကို ရှင်းလင်းစွာ ဖော်ပြနိုင်မည့် ဥပဒေအား ပြဌာန်းပေးရန်။
- လုပ်ကွက်ငယ် တောင်သူများ နှင့် ကျေးလက်လူ့အဖွဲ့အစည်း တို့၏ အခွင့်အရေးများ၊ လိုအပ်သော အရာများကို လေးစားပြီး၊ လူ့အဖွဲ့အစည်း အသိုင်းအဝိုင်း အလိုက် နှင့် တစ်ဦးချင်းစီ၏ အခွင့်အရေးကို ညီမျှစွာ ကာကွယ်ပေးမည့် မြေယာ မူဝါဒကို ပြဌာန်းပေးရန်၊ နှင့် မြေယာဆုံးရှုံးသူ ပြည်သူများ အနေနှင့် သင့်တော်သည့် နစ်နာကြေး လျော်ကြေး များ ရရှိစေရန်အတွက် ဆောင်ရွက်ပေးရန်။
- လွှတ်တော် တစ်ဦးချင်းစီ အနေနှင့် ၎င်းတို့ မဲဆန္ဒနယ် အတွင်းဖြစ်ပေါ်နေသော မြေသိမ်းမှုများအား စောင့်ကြည့် စစ်ဆေးရန်နှင့် လယ်သမားများ၏ အခွင့်အရေးအား ကာကွယ်ပေးမှု ရှိမရှိ သေချာစေရန်အတွက် လိုအပ်ပါက ကြားဝင်ဆောင်ရွက်ပေးရန်။

## မြန်မာအစိုးရ၏ အစိုးရ အာဏာပိုင်ဌာနများသို့

- ပြည်တွင်း နေရပ်ရွှေ့ပြောင်းနေထိုင်သူများအတွက် အခြေခံ လမ်းညွှန်ချက် စည်းမျဉ်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ ကြောင့် နေရပ်မှဖယ်ရှားခံရပြီး ရွှေ့ပြောင်းနေထိုင်ရသူ များအတွက် အခြေခံလုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန် ချက်များအား လိုက်နာသော နိုင်ငံတကာ နေရပ်မှ ဖယ်ရှားခြင်းအတွက် လမ်းညွှန်ချက်များနှင့် ကိုက်ညီပြီး ကျေးလက်ဒေသရှိ ဒေသခံများ၏အခွင့်အရေးအား လေးစား ကာ အမှန်တကယ် ကာကွယ်မှုပေးနိုင်သည့် အမျိုးသား မြေအသုံးချမှု မူဝါဒ လက်မှတ်ရေးထိုးရန်
- ယခင်က အဓမ္မ ရွှေ့ပြောင်းစေမှုကြောင့် ဖြစ်ပေါ်ခဲ့သော ဆိုးကျိုးသက်ရောက်မှုများကို စုံစမ်းဖော်ထုတ်ရန် အတွက် သင့်လျော်သည့် ဝန်ကြီးဌာနများ (ဥပမာအား ဖြင့် လျှပ်စစ်၊ ကျန်းမာရေး၊ ပညာရေး) အား တာဝန် ပေးပြီး ထိခိုက်နစ်နာခဲ့သူများအား ပြန်လည်ကုစား ပေးမည့် စနစ်တစ်ခု ပြုလုပ်ပေးရန်။

- တိုင်စာများအား ကြားနာပေးပြီး ပြောင်းရွှေ့နေထိုင်သူများ အတွက် ဆက်လက် လိုအပ်နေမှုများကို ဖြေရှင်းပေးမည့် ကော်မတီတစ်ရပ် ဖွဲ့ပေးရန်။
- မြေယာအရေး ဆောင်ရွက်နေသူများအား ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းများကို ရပ်တန့်ပြီး မြေယာအရေး ဆောင်ရွက်မှုကြောင့် မတရားသဖြင့် ဖမ်းဆီးခံခဲ့ရသော တက်ကြွလှုပ်ရှားသူများအား ခြွင်းချက်မရှိ ပြန်လည် လွှတ်ပေးရန်။

## ငွေကြေး ထောက်ပံ့သော အလှူရှင် နိုင်ငံများသို့

- မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း နှင့် အခြား လုပ်ငန်းများတွင် ထည့်ဝင်ထားသော ရင်းနှီးမြှုပ်နှံမှု များကို ပြန်လည်ဆန်းစစ်ခြင်းများ၊ ထိုလုပ်ငန်းများကြောင့် ပြည်သူများ အဓမ္မ ရွှေ့ပြောင်းနေထိုင်စေခြင်း မရှိစေရန်အတွက်နှင့် ရွှေ့ပြောင်းနေထိုင်ရမည့်သူများမှာ အမှန်တကယ် သဘောတူညီလျက် တရားဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ ရွှေ့ပြောင်းခြင်းဖြစ်စေ ရန်အတွက် သေချာအောင် ဆောင်ရွက်ပေးရန်။
- မြေယာအရေး ဆောင်ရွက်နေသူများအား ဖမ်းဆီးထောင် ချနေခြင်းများ၊ ထိန်းသိမ်းထားခြင်းများကို ရပ်တန့်ပေး ရန်နှင့် မတရားသဖြင့် ဖမ်းဆီးခံနေရသူအားလုံးကို လွှတ်မြောက်စေရန် အတွက် တောင်းဆိုပေးရန်။
- လူသားချင်း စာနာထောက်ထားမှုအတွက် အကူအညီပေး နေသော အဖွဲ့များနှင့် လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့ များသည် ပေါင်းလောင်းဒေသနှင့် အခြား ဒေသများတွင် ရွှေ့ပြောင်းနေထိုင်နေရသူများ၏ လိုအပ်ချက်များကို သိရှိရန် လေ့လာပြီး လိုအပ်သော အစားအစာ၊ ရေ၊ တကိုယ်ရေ သန့်ရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု နှင့် ပညာရေးလိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် အတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်။
- ငွေကြေး ထောက်ပံ့သော နိုင်ငံများ၏ သံရုံးမှ ပညာရှင်များ က အဖမ်းခံထားရသူများ၏ လက်တလော အခြေအနေ နှင့် နိုင်ငံရေး အကျဉ်းသားများ၏ ကျန်းမာရေး အခြေအနေ ကိုသိရှိစေရန် အတွက် တောင်းဆိုသင့်ပြီး ကျန်းမာရေး အသိပညာရှင်များမှ သွားရောက်လည်ပတ်ရန်။

## စီးပွားရေး လုပ်ငန်းရှင်များ

- မြန်မာနိုင်ငံအတွင်းရှိ မည်သည့်စီးပွားရေး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်မဆို အနည်းဆုံး လူ့အခွင့်အရေးအား လေးစားရမည် ဟူသည့် အချက် ပါဝင်သည့် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်များ[64] ကို လိုက်နာ ဆောင်ရွက်ရန်။ ထို့အတွက် ၎င်းတို့၏ လုပ်ငန်း စီမံကိန်း များမှ မည်သည့် လူ့အခွင့်အရေးချိုးဖောက်မှုမှမဖြစ် စေရန်အတွက် လူ့အခွင့်အရေး ထိခိုက်နစ်နာမှု လေ့လာစမ်းစစ်ချက် များ ပြုလုပ်ရန်။

**မြေယာ သိမ်းယူခံရခြင်း အတွက် တိုက်ပွဲဝင်နေသော အရပ်ဖက် လူမှု အဖွဲ့အစည်းများ အတွက် အောက်ပါ အရင်းအမြစ်များ သည် အကူအညီ ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။**

- မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေး အသင်း(AAPP)၊ ကိုအောင်မျိုးကျော်၊ ၀၉၄၂၈၁၁၇၃၄၈
- ဒို့မြေကွန်ရက်၊ landsinourhands@gmail.com ၊ ၀၉၄၀၃၇၀၆၀၅၂
- ကယန်း မျိုးဆက်သစ် လူငယ်အဖွဲ့၊ kngy.org@gmail.com www.kngy.org
- မြန်မာနိုင်ငံ ရှေ့နေများကွန်ရက်၊ အမှတ်၁၀/၁၂ ၄၉ လမ်း (အောက်လမ်း) ၅ ရပ်ကွက် ဗိုလ်တစ်ထောင်မြို့နယ်၊ ၀၉၄၃၁၆၂၀၉၁၊ ukyimyint.p@gmail.com

# အချက်အလက်ပြ ဇယားများနှင့် အချက်အလက်ပြ ပုံများ

## ဇယား ၁


| ပေါင်းလောင်း ရောဂါတာကြောင့် ရွှေ့ပြောင်းနေထိုင်ရာ နေရာများတွင် နေထိုင်သည့် လူပေါင်း ၈၀၀၀ အပေါ် သက်ရောက်သော ထိခိုက်နစ်နာမှုများ | | |
|---|---|---|
| အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များနှင့် ကျန်းမာရေး စောင့်ရှောက်မှုများအတွက် တိုင်းတာချက်များ | မပြောင်းရွှေ့မီ | ပြောင်းရွှေ့ပြီး |
| အလုပ်လက်မဲ့ (%) | ၁ | ၂၀ |
| အိမ်ထောင်စုများ၏ လစဉ်ဝင်ငွေ (ကျပ်ငွေ) | ၂၃၅၀၀၀ | ၄၅၀၀၀ |
| မြန်မာနိုင်ငံအတွက် ဆင်းရဲမွဲတေမှု သတ်မှတ်မျဉ်းအောက်ရှိ အိမ်ထောင်စုများ (%) | ၁၆ | ၈၆ |
| အစားအသောက်အတွက် အဓိကအရင်းအမြစ်မှာ ကိုယ်ပိုင်လယ်မြေဖြစ်သည်။ | ၈၆ | ၈ |
| အစားအသောက်အတွက် အဓိကအရင်းအမြစ်မှာ စျေးဖြစ်သည်။ | ၃ | ၇၅ |
| အစာတော်မွတ်ခြင်း အခြေအနေ ဆိုးရွားမှု မရှိသော အိမ်ထောင်စု (%) | ၉၆ | ၆၃ |
| အစာတော်မွတ်ခြင်း အခြေအနေ ဆိုးရွားမှုရှိသော အိမ်ထောင်စု (%) | ၃ | ၃၁ |
| အစာတော်မွတ်ခြင်း အခြေအနေ အလွန်ဆိုးရွားသော အိမ်ထောင်စု (%) | ၁ | ၆ |
| အိမ်ထောင်စုအတွက် လုံလောက်သော အစားအစာ ထုတ်လုပ်မှု ရှိသော လများ | ၉.၉ | ၃.၂ |
| ရေလုံလောက်စွာ မရရှိသော အိမ်ထောင်စုများ (%) | မသိ | ၄၅ |
| စိတ်ကျရောဂါ ရှိနိုင်သည့် အနေအထားများ (%) | မသိ | ၈၁ |

### Chart 2


| မြန်မာနိုင်ငံ စားနပ်ရိက္ခာ ဖူလုံမှု အခြေအနေ | | | | |
|---|---|---|---|---|
| | အိမ်ထောင်စု အစာတော်မွတ်မှု အဆီရင်ခံခြင်း  အိမ်ထောင်စုများ၏ ရာခိုင်နှုန်း | | | |
| အိမ်ထောင်စု အစာတော်မွတ်မှု အဆင့် | PHR ပေါင်းလောင်း စစ်တမ်း 'ပြောင်းရွှေ့ခံရ မှု မတိုင်ခင်' မေးခွန်း | PHR ပေါင်းလောင်း စစ်တမ်း 'ပြောင်းရွှေ့ခံရ ပြီးနောက်' မေးခွန်း | LIFT နိုင်ငံလုံးဆိုင်ရာ စစ်တမ်း | SCI ခြောက်သွေ့ဇုန် စစ်တမ်း |
| အနည်းငယ် | ၉၆ | ၆၃ | ၉၄ | ၉၈ |
| အသင့်အတင့် (အလယ်အလတ်) | ၃ | ၃၁ | ၅ | ၂ |
| အလွန်အကျွံ | ၁ | ၆ | ၁ | ၀ |

# Graphs


## Graph 1





Graph 2




### Graph 3




### Graph 4




### Graph 5




UNDP ၏ တွက်ဆချက်အရ မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှု သတ်မှတ်ချက်မှာ လူကြီး တစ်ဦးအတွက် တစ်နှစ်လျှင် ၃၇၆၁၅၁ ကျပ် (၃၂၈ ဒေါ်လာ) ဖြစ်ပြီး အစားအသောက် ဆင်းရဲမွဲတေမှုအတွက် သတ်မှတ်ချက်မှာ လူကြီးတစ်ဦးအတွက် တစ်နှစ်လျှင် ၂၇၄၉၉၀ ကျပ် (၂၇၄ ဒေါ်လာ) ဖြစ်သည်။[65]

### Graph 6



# ENDNOTES

[1] မြန်မာနိုင်ငံအပေါ် ထားရှိသော စီးပွားရေးအရ ပိတ်ဆို့မှုနှင့်ဆိုင်သည့် သတင်းအချက်အလက်များကို ပိုမို သိရှိလိုပါက အောက်ပါ လင့်ခ်များကို ကြည့်ပါ။

http://fas.org/sgp/crs/row/R41336.pdf; https://www.gov.uk/arms-embargo-on-burma; http://eeas.europa.eu/myanmar/index_en.htm; http://www.international.gc.ca/sanctions/countries-pays/burma-birmanie.aspx?lang=eng; http://dfat.gov.au/international-relations/security/sanctions/sanctions-regimes/pages/burma.aspx; and https://www.eda.admin.ch/eda/en/fdfa/representations-and-travel-advice/myanmar/switzerland-myanmar.html.

[2] "Myanmar the Politics of Economic Reform," International Crisis Group, *Asia Report*, no. 231, Jul. 27, 2012, http://www.crisisgroup.org/~/media/Files/asia/south-east-asia/burma-myanmar/231-myanmar-the-politics-of-economic-reform.pdf.

[3] "Project-Level Impacts: Land" in *Myanmar Oil and Gas Sector-Wide Impact Assessment*, Myanmar Centre for Responsible Business, the Institute of Human Rights and Business, and the Danish Institute of Human Rights, Sept. 4, 2014, http://www.myanmar-responsiblebusiness.org/pdf/SWIA/Oil-Gas/00-Myanmar-Oil-and-Gas-Sector-Wide-Assessment.pdf; "USAID Country Profile – Property Rights and Resource Governance: Burma," USAID, May 2013, 7, http://usaidlandtenure.net/sites/default/files/country-profiles/full-reports/USAID_Land_Tenure_Burma_Profile.pdf.

[4] *The DAC Guidelines: Poverty Reduction*, Organization for Economic Co-Operation and Development, (Paris, France, Apr. 25–26, 2001), http://www.oecd.org/dac/povertyreduction/2672735.pdf.

[5] "Poverty: An Obstacle to Human Rights," United Nations Department of Public Information, last modified Oct. 1998, http://www.un.org/rights/poverty/poverty5.htm.

[6] Laura E. Caulfield, Mercedes de Onis, Monika Blossner, and Robert E. Black, "Undernutrition as an Underlying Cause of Child Deaths Associated with Diarrhea, Pneumonia, Malaria, and Measles," *The American Journal of Clinical Nutrition*, vol. 80, no. 1, (Jul. 2004): 193–198, http://ajcn.nutrition.org/content/80/1/193.full.

[7] Bruce Arroll, Felicity Goodyear-Smith, Susan Crengle, Jane Gunn, Ngaire Kerse, Tana Fishman, Karen Falloon, Simon Hatcher, "Validation of PHQ2 and PHQ-9 to Screen for Major Depression in the Primary Care Population," *Annals of Family Medicine*, vol. 8, no. 4, (2010): 348-353, http://www.ncbi.nlm.nih.gov/pmc/articles/PMC2906530/.

[8] ၅ ရာခိုင်နှုန်း တိကျမှန်ကန်သည်။ ဒီဇိုင်းရေးဆွဲ လုပ်ဆောင်မှု အမှတ် ၁ ဖြစ်သည်။

[9] သတင်းအချက်အလက် ပိုမို ရရှိလိုပါက http://www.hhs.gov/ohrp/policy/ohrpregulations.pdf တွင်ကြည့်ပါ။

[10] Open Data Myanmar အဖွဲ့၏ မြေသိမ်းမှုနှင့် ပါတ်သက်သည့် အချက်အလက်များကို ၎င်းတို့၏ ဝဘ်ဆိုဒ် http://www.opendatamyanmar.com/တွင် ကြည့်ရှုနိုင်သည်။

[11] *Land Acquisition Law and Practice in Myanmar: Overview, Gap Analysis with IFC PS1 & PS5 and Scope of Due Diligence Recommendations*, Displacement Solutions, May 2015, http://displacementsolutions.org/wp-content/uploads/2015/05/LAND-ACQUISITION-LAW-AND-PRACTICE-IN-MYANMAR.pdf

[12] ထက်နိုင်ဇော်နှင့် အေးကျော့ခိုင် ၏ "Military Involved in Massive Land Grabs: Parliamentary Report," *The Irrawaddy*, Mar. 5, 2013, http://www.irrawaddy.org/human-rights/military-involved-in-massive-land-grabs-parliamentary-report.html; *Land Acquisition Law and Practice in Myanmar*, Displacement Solutions.

[13] Murray Hiebert and Phuong Nguyen, "Land Reform: A Critical Test for Myanmar's Government," Center for Strategic & International Studies, Nov. 9, 2012, http://csis.org/publication/land-reform-critical-test-myanmars-government.

[14] Ken Woods, *Timber Trade Flows and Actors in Myanmar: The Political Economy of Myanmar's Timber Trade*, Forest Trends, Nov. 2013, http://www.forest-trends.org/documents/files/doc_4133.pdf.

[15] Paul Vrieze, "Rapid Plantation Expansion Fuels Deforestation in Ethnic Regions," *The Irrawaddy*, Nov. 29, 2013, http://www.irrawaddy.org/burma/rapid-plantation-expansion-fuels-deforestation-ethnic-regions.html; Woods, Timber Flows and Actors in Myanmar.

[16] လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့သည် မြေယာသိမ်းဆည်းမှုနှင့် ပါတ်သက်ပြီး မြန်မာနိုင်ငံ တဝှမ်းရှိ ဒေသတွင်း လုပ်ငန်းလုပ်ဆောင်နေသော အဖွဲ့ ၅၅ ဖွဲ့မှ သတင်းအချက်အလက်များ ကောက်ယူခဲ့ပြီး အချက်အလက်များအား U.S. Campaign for Burma နှင့် ပြန်လည် စစ်ဆေးခဲ့သည်။ လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့အနေနှင့် မြေသိမ်းမှုနှင့် ဆိုင်သည့် အစီရင်ခံစာများကို အတည်ပြုခြင်း မပြုလုပ်နိုင်ပါ။ မြန်မာနိုင်ငံအတွင်း မြေသိမ်းမှုခံစားနေရသူများ၏ စာရင်း စုစုပေါင်းမှာ ခန့်မှန်းခြေအရသာဖြစ်သည်။ နေရာ အများစုတွင် ဖြစ်ပေါ်နေသော မြေသိမ်းမှုများ၊ တိကျသော သတင်းအချက်အလက် မရှိမှုနှင့် မြေယာ အချက်အလက် ရရှိနိုင်သော အဓိက နေရာတစ်ခု မရှိခြင်းကြောင့် ဤစာတမ်းတွင် သတင်းအချက်အလက်အချို့ မပါဝင်နိုင်ပေ။

[17] "Access Denied: Land Rights and Ethnic Conflict in Burma," Transnational Institute, *Burma Policy Briefing no. 11*, May 2013, https://www.tni.org/files/download/accesdenied-briefing11.pdf; *Linking Women and Land in Myanmar: Recognizing Gender In the National Land Use Policy*, Transnational Institute, Feb. 2015, https://www.tni.org/files/download/tni-nlup-gender_0.pdf; *Analysis of the Affected Communities' Rights and Remedies Under Myanmar Law and JICA's Guidelines*, EarthRights International, Jun. 2015, http://www.burmalibrary.org/docs21/ERI-2015-06-02-thilawa_briefer-en-red.pdf.

[18] Transnational Institute, *The Challenge of Democratic and Inclusive Land Policymaking in Myanmar: A Response to the Draft National Land Use Policy*, Feb. 2015, https://www.tni.org/files/download/the_challenge_of_democratic_and_inclusive_land_policymaking_in_myanmar.pdf.

[19] *Deciphering Myanmar's Peace Process: A Reference Guide,* Burma News International, Mar. 2014, http://www.themimu.info/sites/themimu.info/files/documents/Report_Deciphering_Myanmar_Peace_Process_Mar2014.pdf.

[20] ထားဝယ် အမျိုးသမီး သမဂ္ဂသည် ဒေသတွင်း အခြေစိုက် အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံ တောင်ပိုင်းရှိ တနင်္သာရီဒေသရှိ ထားဝယ် တိုင်းရင်းသူ အမျိုးသမီးများကို ကိုယ်စားပြုထားသည့် အဖွဲ့ဖြစ်သည်။ အချက်အလက် ပိုမိုသိရှိလိုပါက https://tavoyanwomensunion.wordpress.com/ တွင်ကြည့်ပါ။

[21] "Women Activists Facing Harassment by Proponents of Dawei Special Economic Zone," Tavoyan Women's Union, Feb. 25, 2015, http://womenofburma.org/women-activists-facing-harassment-by-proponents-of-dawei-special-economic-zone/.

[22] "'With Only Our Voices, What Can We Do?': Land Confiscation and Local Response in Southeast Myanmar," Karen Human Rights Group, Jun. 30, 2015, http://www.khrg.org/2015/06/with-only-our-voices-what-can-we-do-land-confiscation-and-local-response.

[23] နန်းဆမ်းနောင် ၏ "Relatives of Deceased Protester Charged by Military," *The Irrawaddy*, Jun. 2, 2015, http://m.irrawaddy.org/burma/relatives-of-deceased-protester-charged-by-military.html.

[24] စိုးရာ၏ "Farmers right's activist jailed," Democratic Voice of Burma, Jul. 24, 2015 http://www.dvb.no/news/farmers-rights-activist-jailed/55142

[25] "158 Current Political Prisoner List in Burma 2015," Assistance Association for Political Prisoners (Burma), May 13, 2015, http://aappb.org/2015/05/currently-political-prisoners-list-and-in-burma/;

Burma Partnership, http://www.burmapartnership.org/tag/human-rights-defenders/.

[26] "Plow protesters lose land and liberty in Myanmar," Al Jazeera America, Nov. 12, 2014, http://america.aljazeera.com/articles/2014/11/12/myanmar-arrests-pointtodangerousfuture.html.

[27] "Burma: Land Rights Activists Are Newest Political Prisoners: Arrests in Karen State Target Those Assisting Farmers Fighting Land Grabs," Human Rights Watch, Aug. 15, 2015, https://www.hrw.org/news/2015/08/15/burma-land-rights-activists-are-newest-political-prisoners.

[28] Patrick Pierce and Caitlin Reiger, *Navigating Paths to Justice in Myanmar's Transition*, International Center for Transitional Justice, Jun. 2014, https://www.ictj.org/sites/default/files/ICTJ-Myanmar-Development-Report-2014.pdf; စောရန်နိုင်၏ "Civil Society Pushes for Transitional Justice," Nov. 24, 2014, The Irrawaddy, http://www.irrawaddy.org/burma/civil-society-pushes-transitional-justice.html; B'nyair Ogvon, "Burma's Transitional Justice," Education Initiatives, http://www.eduinitiatives.org/reports/burmas-transitional-justice.

[29] Pierce and Reiger, Navigating Paths to Justice in Myanmar's Transition.

[30] Andrea Gittleman and Widney Brown, *A Foreseeable Disaster in Burma: Forced Displacement in the Thilawa SEZ*, Physicians for Human Rights, Nov. 2014, https://s3.amazonaws.com/PHR_Reports/Burma-Thilawa-English-Report-Nov2014.pdf.

[31] Gittleman and Brown, *A Foreseeable Disaster in Burma: Forced Displacement in the Thilawa SEZ*.

[32] "Basic principles and guidelines on development-based evictions and displacement," Human Rights Council Fourth Session, General Assembly, A/HRC/4/18, Annex 1, Feb. 5, 2007, http://www.ohchr.org/documents/issues/housing/guidelines_en.pdf. "Guiding Principles on Internal Displacement," Office of the United Nations High Commissioner for Refugees (UNHCR), Sept. 2004, http://www.unhcr.org/43ce1cff2.html တွင်လည်း ကြည့်နိုင်သည်။

[33] The *Guiding Principles* apply during the time that people are in displacement, while the *Basic Principles and Guidelines* cover in detail the phases prior to, during, and after evictions, especially where evictions are irreversible due to "development" projects or disaster. See "Basic principles and guidelines on development-based evictions and displacement," Human Rights Council; "Guiding Principles on Internal Displacement," UNHCR.

[34] "General Comment No. 4: The Right to Adequate Housing (Art. 11 (1) of the Covenant)," သည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ ကော်မတီ၏ ခြောက်ကြိမ်မြောက် ဆွေးနွေးပွဲတွင် လက်ခံထားခြင်းဖြစ်သည်။ Dec. 13, 1991, UN Doc. တွင်ကြည့်ပါ။ E/1992/23, http://www.refworld.org/docid/47a7079a1.html; "General Comment 7: Forced Evictions, and the Right to Adequate Housing (Art. 11 (1) of the Covenant)," သည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ ကော်မတီ၏ တစ်ဆယ့်ခြောက်ကြိမ်မြောက် ဆွေးနွေးပွဲတွင် လက်ခံထားခြင်းဖြစ်သည်။ May 20, 1997, UN Doc. E/1998/22, http://www.refworld.org/docid/47a70799d.html

[35] မြန်မာ မြစ်ချောင်းများ ကွန်ယက်၏ "Social Impacts," http://burmariversnetwork.org/index.php/key-concerns/social-impacts.

[36] "A Chronology of the Kachin Conflict," *The Irrawaddy*, Nov. 20, 2015, http://www.irrawaddy.org/multimedia-burma/chronology-kachin-conflict.html.

[37] "Militarization," Burma Rivers Network, http://burmariversnetwork.org/index.php/key-concerns/militarization; Burma Rivers Network, "Ethnic Communities: Salween Dams are Fueling War and Must be Stopped," *Burma Partnership*, Jan. 19, 2015, http://www.burmapartnership.org/2015/01/ethnic-communities-salween-dams-are-fueling-war-and-must-be-stopped/.

[38] Karen Rivers Watch, "Halt All Dams Now in Salween River and All Ethnic Areas — Protests at Dam Sites," Burma Partnership, Mar. 11, 2015, http://www.burmapartnership.org/2015/03/halt-all-dams-now-in-salween-river-and-all-ethnic-areas-protests-at-dam-sites/;

Karen River Watch, "Afraid to Go Home: Recent Violent Conflict and Human Rights Abuses in Karen State," Burma Partnership, Nov. 7, 2014, http://www.burmapartnership.org/2014/11/afraid-to-go-home-recent-violent-conflict-and-human-rights-abuses-in-karen-state/.

[39] *Ordered Out: The Costs of Building Burma's Upper Paunglaung Dam*, Kayan New Generation Youth, May 31, 2011, http://burmacampaign.org.uk/reports/ordered-out-the-costs-of-building-burmas-upper-paunglaung-dam/.

[40] Sai Zom Hseng, "Thousands in Paunglong Being Displaced by Dam Project," *The Irrawaddy*, May 31, 2011, http://www2.irrawaddy.org/article.php?art_id=21398

"Upper and Lower Paunglaung Dams," Burma Rivers Network, Aug. 18, 2008, http://burmariversnetwork.org/index.php/dam-projects/lower-and-upper-paunglaung;

*Ordered Out: The costs of building Burma's Upper Paunglaung Dam*, Kayan New Generation Youth.

[41] ကယန်း မျိုးဆက်သစ်လူငယ်အဖွဲ့သည် ငြိမ်းချမ်းရေး တရားမျှတမှုနှင့် ဒီမိုကရက်တစ် နိုင်ငံ ထူထောင်ရန်နှင့် ကယန်းကျောင်းသားလူငယ်နှင့် အခြား ပြည်သူအားလုံးအတွက် ဖွဲ့စည်းထားသော ဒေသတွင်း အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ အချက်အလက် ပိုမို သိရှိလိုပါက http://www.kngy.org/?page_id=2 တွင်ကြည့်ပါ။

[42] ထွန်းထွန်းသိန်း၏ "Shan Farmers Dissatisfied with Dam Relocation Site," Democratic Voice of Burma, Aug. 25, 2014, http://www.dvb.no/news/shan-farmers-dissatisfied-with-dam-relocation-site-burma-myanmar/43515.

[43] PHR အဖွဲ့လိုက် ဆွေးနွေးခြင်း အမှတ် (၁)၊ ၂၀၁၅ ခုနှစ် မေလ ၃၀ ရက်။

[44] PHR အဖွဲ့လိုက် ဆွေးနွေးခြင်း အမှတ် (၁)၊ ၂၀၁၅ ခုနှစ် မေလ ၃၀ ရက်။

[45] Stephan Schmitt-Degenhardt, *A Regional Perspective on Poverty in Myanmar*, UNDP Myanmar, Aug. 2013, http://www.se.undp.org/content/dam/sweden/Rapporter/A%20regional%20perspective%20on%20poverty%20in%20Myanmar.pdf.

[46] အိမ်ထောင်စု ခြောက်စုမှ ရွှေ့ပြောင်းပြီးနောက် ရရှိသည့် လစဉ် ဝင်ငွေနှင့်ဆိုင်သည့် မေးခွန်းအား ဖြေကြားခြင်း မရှိခဲ့ပါ။

[47] Schmitt-Degenhardt, *A Regional Perspective on Poverty in Myanmar*.

[48] ထားဝယ် အမျိုးသမီး သမဂ္ဂ၏ "Our Lives Not for Sale: Tavoyan Women Speak Out against Special Economic Zone Project," Burma Partnership, Dec. 23, 2015, http://www.burmapartnership.org/2014/12/21191/.

[49] "HURFOM Releases 'Disputed Territory' to Highlight Unjust Land Acquisition in Mon Areas," Human Rights Foundation of Monland, Oct. 9, 2013, http://rehmonnya.org/archives/2896; "HURFOM Releases 'Yearning to be Heard.' Highlighting Farmers' Continued Struggles for Justice Concerning Burmese Military Land Confiscations in Mon State," Human Rights Foundation of Monland, Feb. 12, 2015, *http://rehmonnya.org/archives/3383.*

[50] *Food Security Assessment in Four Townships affected by Cyclone Giri: Kyaukpyu, Minbya, Myebon and Pauktaw of Rakhine State, Myanmar*, UN World Food Programme, Feb. 2011, http://home.wfp.org/stellent/groups/public/documents/ena/wfp234782.pdf.

[51] ကမ္ဘာ့ ကုလသမဂ္ဂ စားနပ်ရိက္ခာဖူလုံရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Save the Children ၏ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့ထုတ် "A Nutrition and Food Security Assessment of the Dry Zone of Myanmar, June 24th - July 18th 2013," https://www.wfp.org/sites/default/files/Dry%20zone%20survey%20-%20Nutrition%20presentation.pdf;

Annex 4: Results Tables, in "A Nutrition and Food Security Assessment of the Dry Zone of Myanmar, June 24th - July 18th 2013," ကမ္ဘာ့ ကုလသမဂ္ဂ စားနပ်ရိက္ခာဖူလုံရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Save the Children ၏ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့ထုတ် http://www.wfp.org/sites/default/files/ANNEX%204_0.pdf.

[52] *Baseline Survey Results: July 2012*, Livelihoods and Food Security Trust Fund, Jul. 2012, http://lift-fund.net/downloads/LIFT%20Baseline%20Survey%20Report%20-%20July%202012.pdf

[53] *Baseline Survey Results: July 2012*, Livelihoods and Food Security Trust Fund, 36.

[54] *Baseline Survey Results: July 2012*, Livelihoods and Food Security Trust Fund, 30.

[55] *Voices from the Ground: Concerns over the Dawei Special Economic Zone and Related Projects*, Dawei Development Association, Oct. 23, 2014, http://burmacampaign.org.uk/reports/voices-from-the-ground-concerns-over-the-dawei-special-economic-zone-and-related-projects/.

[56] *Tyrants, Tycoons and Tigers*, Kachin Development Networking Group, Aug. 2010, http://www.kdng.org/publication/68-tyrants-tycoons-and-tigers.html;

Mungchying Rawt Jat, *Model villages are not a model*, Kachin Development Networking Group, Jun. 21, 2013, http://www.kdng.org/publication/323-model-villages-are-not-a-model.html.

[57] "Lost Paradise: Damaging Impact of Mawchi Tin Mines in Burma's Karenni State," Molo Women Mining Watch Network, Dec. 11, 2012, http://www.burmapartnership.org/2012/12/lost-paradise/.

[58] *Myanmar: Open for Business? Corporate Crime and Abuses at Myanmar Copper Mine,* Amnesty International, Feb. 10, 2015, https://www.amnesty.org/en/documents/asa16/0003/2015/en/.

[59] *Poison Clouds: Lessons from Burma's Largest Coal Project at Tigyit*, Pa-Oh Youth Organization, Kyoju Action Network, Jan. 20, 2011, http://burmacampaign.org.uk/media/PoisonClouds.pdf

[60] *Danger Zone*, Arakan Oil Watch, Dec. 17, 2012, http://burmacampaign.org.uk/media/Danger-Zone.pdf

[61] အဖွဲ့လိုက် ဆွေးနွေးခြင်း အမှတ် (၂)၊ ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်။

[62] အဖွဲ့လိုက် ဆွေးနွေးခြင်း အမှတ် (၂)၊ ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်။

[63] *Myanmar 2014: Civic Knowledge and Values in a Changing Society*, Asia Foundation, Dec. 11, 2014, http://asiafoundation.org/publications/pdf/1445/.

[64] "New Guiding Principles on Business and Human Rights endorsed by the UN Human Rights Council," Office of the High Commissioner for Human Rights, http://www.ohchr.org/en/NewsEvents/Pages/DisplayNews.aspx?NewsID=11164.

[65] Schmitt-Degenhardt, *A Regional Perspective on Poverty in Myanmar*.